
စိတ်ကူးချိုချိုအနုပညာ




# ဒဂုန်တာရာ

## ရုပ်ပုံလွှာခြယ်သခြင်း၊ ဝတ္ထုဖွင့်ဆိုချက်နှင့် အနုပညာခံစားမှု

mgyoe.com

mg.yoe.com

ဆရာဒဂုန်တာရာ၏

ရုပ်ပုံလွှာများနှင့်ပတ်သက်၍ အဖွဲ့အနွဲ့များ ခြယ်သပုံ၊
သမိုင်းနှင့်အတ္ထုပ္ပတ္တိနောက်ခံ၊

ဝတ္ထုတိုများနှင့်ပတ်သက်၍ ဇာတ်ကောင်၊ ဇာတ်လမ်း၊
နောက်ခံကား၊ စိတ်ကူးရုပ်ပုံ၊ ဒဿန၊ စာဇတ်ပရိသတ်၏စံ၊
စကားပြေနှင့် ဝတ္ထုရှည်၏သဘော၊

ကဗျာ၊ ခရီးသွားမှတ်တမ်းအဖွဲ့အနွဲ့၊ ဂီတနှင့်ရုပ်ရှင် စသည့်
အနုပညာတို့အပေါ် လူ့အဖွဲ့အစည်း၏ ခံစားမှု၊
ဗဟုရသနှင့် အလှဗေဒဆိုင်ရာ စာများ . . .

# ဒဂုန်တာရာ

ရုပ်ပုံလွှာခြယ်သခြင်း၊ ဝတ္ထုဖွင့်ဆိုချက်နှင့်
အနုပညာခံစားမှု

ISBN9789997114709
DGT17
9 789997 114709
3,300.00KS

mgyoe.com

ရုပ်ပုံလွှာခြယ်သခြင်းဝတ္ထုဖွင့်ဆိုချက်နှင့်အနုပညာခံစားမှု၊ ဒဂုန်တာရာ
မျက်နှာဖုံးပန်းချီ - ဘငွေကြည်
စာမျက်နှာ ၃၀၆ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ရုပ်ပုံလွှာခြယ်သခြင်း၊ ဝတ္ထုဖွင့်ဆိုချက်နှင့် အနုပညာခံစားမှု

ဒဂုန်တာရာ

ပထမအကြိမ်၊ ၂၀၁၄

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

## ရုပ်ပုံလွှာခြယ်သခြင်း

၁။ အတ္တုပ္ပတ္တိ ၃
၂။ ရုပ်ပုံလွှာ ခြယ်သခြင်း (၁) ၈
၃။ ရုပ်ပုံလွှာခြယ်သခြင်း (၂) ၁၅
၄။ ရုပ်ပုံလွှာခြယ်သခြင်း (၃) ၂၁
၅။ ရုပ်ပုံလွှာခြယ်သခြင်း (၄) ၃၀
၆။ ရုပ်ပုံလွှာအဖွဲ့အနွဲ့ ၃၈
၇။ ပဒုမ္မာကြာပွင့် အပြုံးရှင် ရုပ်ပုံလွှာအဖွဲ့အနွဲ့ ၄၇
၈။ သမိုင်းခေတ်နှင့် ရုပ်ပုံလွှာအဖွဲ့အနွဲ့ ၆၁
၉။ စိမ်းသစ်အတိတ် တရိပ်ရိပ်ပြေး ၆၈

## ဝတ္ထုဖွင့်ဆိုချက်

၁။ ကလျာအတွက် ဝတ္ထုပရိသတ် ၇၇

mgyoe.com

mgyoe.com


၂။ ဝတ္ထုတွင် ဇာတ်ကောင်၏ ဝန်ဆောင်မှု ၈၀

၃။ ဝတ္ထု၏ နောက်ခံကား ၈၃

၄။ ဇာတ်လမ်း၏ ဆွဲငင်မှု ၈၈

၅။ ဝတ္ထုနှင့် ဒဿန ၉၂

၆။ စာပေတွင် ဝတ္ထု၏အခန်း (၁) ၉၄

၇။ စာပေတွင် ဝတ္ထု၏အခန်း (၂) ၉၈

၈။ ဝတ္ထုအမျိုးအစား ၁၀၁

၉။ ဝတ္ထုစံနှင့် သူ၏ပရိသတ် ၁၀၆

၁၀။ ဝတ္ထုတိုနှင့် ဝတ္ထုရှည် ဘာခြားနားသလဲ ၁၁၀

၁၁။ စာပေနှင့် ဒဿန ၁၁၄

၁၂။ ဝတ္ထုပုံသဏ္ဍာန် ဘယ်က ဖြစ်ပေါ်လာသလဲ ၁၁၇

၁၃။ ခေတ်ပြိုင်ခံစားမှု ၁၂၁

၁၄။ ဝတ္ထုအနုပညာ ၁၂၆

၁၅။ ခေတ်ပေါ်ဝတ္ထု ၁၃၀

၁၆။ ဝတ္ထုတို အဓိပ္ပာယ်ဖွင့်ဆိုချက် ၁၃၄

၁၇။ ဝတ္ထုရေးဆရာ ၁၃၈

၁၈။ ဝတ္ထုစာပေ၏ တန်ဖိုး ၁၄၂

၁၉။ စိတ်ကူးရုပ်ပုံ အဓိပ္ပာယ် ၁၄၅

၂၀။ စစ်ပြီးခေတ် ဗမာဝတ္ထုများ ၁၄၈

၂၁။ စကားပြေ ဘယ်အတွက်ကြောင့် စိမ်း ၁၅၇

၂၂။ စံပယ်ဦး၏ နိဒါန်း ၁၆၄

၂၃။ ဝတ္ထုရှည်နှင့် ပတ်သက်၍ ၁၈၃


mgyoe.com

mgyoe.com

## အနုပညာခံစားမှု


| | | |
|---|---|---|
| ၁။ | ပေါင်းလောင်းမြစ်ပေါ်မှ ကဗျာရွတ်ဖတ်သံ | ၁၉၅ |
| ၂။ | လူ့အဖွဲ့အစည်းခေတ်နှင့် စာပေခံစားမှု | ၂၀၅ |
| ၃။ | နိဂုံး၏ အစ | ၂၁၃ |
| ၄။ | ဗဟုရသဝါဒ | ၂၁၇ |
| ၅။ | ဗိသုကာပုံစံနှင့် အလှဗေဒ | ၂၂၄ |
| ၆။ | ခရီးသွားမှတ်တမ်း အဖွဲ့အနွဲ့ | ၂၂၉ |
| ၇။ | စာရေးဆရာနှင့် အနုပညာသည်များ ကလပ် | ၂၄၁ |
| ၈။ | အာရုံခံစားမှု၊ ရမ္မက်၊ ပုံသဏ္ဌာန် | ၂၄၆ |
| ၉။ | စတီရီယို၊ ဂျင်းရှပ်နှင့် ပင်နီရင်ဖုံး | ၂၅၇ |
| ၁၀။ | စိတ်ကူးတိုင်းပြည် | ၂၆၄ |
| ၁၁။ | ဖျတ်ခနဲ အတ္တရုပ်ပုံလွှာကားချပ်များ၊ စန္ဒရားဆရာလော | ၂၇၁ |
| ၁၂။ | လူငယ်နှင့် အနုပညာခံစားမှု | ၂၈၁ |
| ၁၃။ | ခေတ်ပေါ် မြန်မာဂီတ၏ ပုံပန်းများ | ၂၈၄ |
| ၁၄။ | ယနေ့ မြန်မာရုပ်ရှင် ဘယ်လဲ | ၂၉၂ |
| ၁၅။ | လက်ရာပန်းနုရောင် အပြာရောင် | ၂၉၇ |


□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ရုပ်ပုံလွှာခြယ်သခြင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အတ္ထုပ္ပတ္တိ

## (က)

လွန်ခဲ့သော အနှစ် ၄၀ ခန့်က စာရေးဆရာအသင်းတွင် စာရေးဆရာဟူသော အသင်းဝင် စာရေးဆရာတို့၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် အငြင်းပွားခဲ့ကြသည်။ နောက်ဆုံး၌ စာရေးဆရာအသင်း ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ခဲ့ရသည်။ စာရေးဆရာသည် ရသစာပေကို ရေးသားသူဖြစ်သည်ဟု စတင်ခဲ့သည်။

ထိုအခါက စာရေးဆရာ အသင်းဝင်များထဲတွင် သတင်းစာ ဆရာနှင့် စာရေးဆရာ အရောရော အထွေထွေ မရှင်းမလင်းဖြစ်နေ၍ ဖွဲ့စည်းပုံကို ပြင်ဆင်ရခြင်း ဖြစ်သည်။ မည်သည့်နိုင်ငံတွင်ပင်ဖြစ်စေ သမိုင်းအဖြစ်အပျက်နှင့် ဘဝပုံသဏ္ဌာန်များ တိုးပွားကျယ်ပြန့်စွာ ဖြစ်ပေါ်လာသည်အလျောက် ယင်း၏အုပ်ချုပ်ပုံအခြေခံဥပဒေတို့ကိုလည်း ပြင်ဆင်တိုးချဲ့ရသည်ဖြစ်သည်မှာ သဘာဝတ္တတရားပင် ဖြစ်သည်။

ယင်းရသစာပေထဲတွင် ဝတ္ထုကဗျာအပြင် အတ္ထုပ္ပတ္တိစာပေ၊ သမိုင်းမှတ်တမ်းစာပေ စသည်ဖြင့် တိုးချဲ့ထည့်သွင်းလိုက်ကြသည်။ ယခင်အခါများကတော့ ရသစာပေထဲတွင် ဝတ္ထု၊ ကဗျာ၊ ပြဇာတ် စာပေပုံသဏ္ဌာန်

mgyoe.com

mgyoe.com


များကိုသာ ထည့်သွင်းထားကြသည်။ ထို့နောက် ယနေ့ခေတ်တွင် ဘာကြောင့် အတ္ထုပ္ပတ္တိစာပေကို ရသစာပေအဖြစ် သတ်မှတ်ကြသလဲ။

(ခ)

အတ္ထုပ္ပတ္တိစာပေသည် ရှေးအခါတည်းကပင် ရှိခဲ့၏။ သို့သော် စာပေသမိုင်းခေတ်များ ပြောင်းလဲလာသည့်အခါ အတ္ထုပ္ပတ္တိရေးသားသော အဖွဲ့အနွဲ့ပုံသဏ္ဍာန်သည် ပြောင်းလဲလာရသည်။

ရသအဖွဲ့အနွဲ့၊ ဝတ္ထုဟန်အဖွဲ့အနွဲ့များ ပါလာသည်ကို တွေ့ကြရသည်။ အတ္ထုပ္ပတ္တိရေးဖွဲ့သူများကတော့ သိပ်များလှသည်မဟုတ်၊ ကျွန်တော်ကတော့ ရုပ်ပုံလွှာအဖွဲ့အနွဲ့ဟု ဆိုချင်သည်။ အတ္ထုပ္ပတ္တိရေးဖွဲ့ရာတွင် အဖွဲ့အမျိုးမျိုးရှိနိုင်သည်။ ရှိလည်း ရှိအပ်ပေမည်။ ကျွန်တော်သည် ၁၉၄၀ က 'ကိုအောင်ကျော် အကြောင်းစဉ်' ဟူသော စာအုပ်ငယ်လေး တစ်အုပ် ရေးခဲ့ဖူးသည်။ ထိုနှစ်က ဗိုလ်အောင်ကျော်ကြေးရုပ်ဖွင့်ပွဲအခမ်းအနားတွင် ထုတ်ဝေခဲ့သည်။ ထိုအခါက ကျွန်တော်သည် တက္ကသိုလ်သမဂ္ဂဝါဒ ဖြန့်ချိရေးမှူးဖြစ်သည်။ ကျွန်တော်က အတ္ထုပ္ပတ္တိကို အကြောင်းစဉ်ဟု ဝေါဟာရတစ်မျိုးဖြင့် ဖော်ပြခဲ့ခြင်း ဖြစ်သည်။ တကယ်ကတော့ ကျွန်တော် ကိုအောင်ကျော်နှင့် ခင်မင်ရင်းနှီးသူတော့ မဟုတ်ပေ။ သိရုံမျှသာ။ သူက ဂျပ်ဆင်ကောလိပ်တွင် နေသည်။ ကျွန်တော်က ယူနီဗာစီတီကောလိပ်က။

စာအုပ်တွင် ရသဟန် အဖွဲ့အနွဲ့ နည်းနည်းတော့ ပါသွားသည်။ ကျွန်တော်တစ်ခါမျှ ရေးဖူးသည်မဟုတ်။ ထိုအခါက ကိုအောင်ကျော် ကျဆုံးရသည့်နေ့ကို အာဇာနည်နေ့ဟူ၍ ကျွန်တော်တို့က သတ်မှတ်ကျင်းပခဲ့သည်။

စစ်ပြီးခေတ်တွင်တော့ ကျွန်တော် ရုပ်ပုံလွှာအဖွဲ့အနွဲ့ နည်းနည်း

mgyoe.com

mgyoe.com


ပါးပါး ရေးဖြစ်သွားသည်။ ရုပ်ပုံလွှာအဖွဲ့အနွဲ့ကို ကျွန်တော်က ခံစားမှုနှင့် ရေးလိုက် သည်။ ခံစားမှု၊ ပုဂ္ဂိုလ်ရေး ခင်မင်ခြင်း ခံစားမှု၊ အနုပညာရေး ခံစားမှု စသည် စသည်။

သမိုင်းဝင် ပုဂ္ဂိုလ်များကို ကျွန်တော် ရေးဖွဲ့တတ်သည်။ သမိုင်းဝင် ဆိုသည်ကလည်း ကျွန်တော်သတ်မှတ်သော သမိုင်းဝင်သာလျှင် ဖြစ်သည်။ ပြည်သူတို့က သတ်မှတ်သော သမိုင်းဝင်နှင့်လည်း တူညီနိုင်သည်။ နိုင်ငံရေးခေါင်းဆောင်များ၏ ရုပ်ပုံလွှာကို ကိုအောင်ဆန်း၊ ကိုဗဟိန်း၊ ကိုဘဆွေတို့ကို ကျွန်တော်ဖွဲ့ဖြစ်သည်။ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသူများက များသည်။ နိုင်ငံရေးခေါင်းဆောင်များအပြင် စာပေအနုပညာနယ်မှ ပုဂ္ဂိုလ်များပါသည်။ ပန်းချီဆရာထဲက ဦးအုန်းလွင်၊ ကိုအောင်စိုး။ စာရေးဆရာများထဲမှ မဟာဆွေ၊ သိန်းဖေဖြင့်၊ ရဲထွတ်၊ ဗန်းမောင်တင်အောင်၊ တင့်တယ်၊ ဘုန်းကြွယ်။ အယ်ဒီတာထဲမှာ ရှုမဝ ဦးကျော်။ ဂီတပညာရှင်ထဲမှ ဟေမာနေဝင်း စသည် စသည်။

ဖျတ်ခနဲ ရုပ်ပုံလွှာကားချပ်များဟူသော ခေါင်းစဉ်ဖြင့်တော့ နည်းနည်းပါးပါး ရေးဖြစ်သည်။ ယင်းအဖွဲ့အနွဲ့မျိုးကတော့ ရုပ်ပုံလွှာ အဖွဲ့အနွဲ့ကဲ့သို့ တစ်ယောက်ချင်း မိမိခံစားရသည့်ပုံ အပြည့်အဝ မဟုတ်ပေ။ ကျွန်တော်နှင့် ဖြတ်သန်းတိုးဝှေ့သွားရင်း တွေ့ရသူတို့၏ ရုပ်ပုံလွှာကားချပ်ကို ရေးခြင်း ဖြစ်သည်။ တစ်ပုဒ်ထဲတွင် တစ်ယောက်တည်း ဟုတ်ချင်မှဟုတ်မည်။ နှစ်ယောက် သုံးယောက်ပေါင်း ရေးဖွဲ့၍ ရေးချင်ရေးမည်။

(၈)

ကျွန်တော် ရေးခြယ်သည့် ရုပ်ပုံလွှာကားချပ်များတွင် နောက်ခံသမိုင်းခေတ်က ပါမြဲဖြစ်နေသည်။ ကျွန်တော် ဖြတ်သန်းလာသော

mgyoe.com

mgyoe.com


သမိုင်းခေတ်တွင် ထိတွေ့ရသောသူများဖြစ်သည်။ သမိုင်းနောက်ခံကား ကို ကျွန်တော် မေ့၍လည်းမရ။ ကျွန်တော်က တကယ်ရှိနေသော အဖြစ်အပျက်ကို သရုပ်ဖော်ရမည်ဟူသော အယူအဆ စွဲနေခဲ့သည်။ ထို့ကြောင့် ပင်လျှင် လူပုဂ္ဂိုလ်များကို ရေးခြယ်သောအခါ သူလှုပ်ရှားနေသော၊ သူ့ရုပ်ပုံကို မြင်နေရသော သမိုင်းနောက်ခံကားကိုပါ ခြယ်ရေးလေ့ရှိသည်။ ကျွန်တော်၏ရုပ်ပုံလွှာ အဖွဲ့အနွဲ့အယူအဆဟု ပြောလျှင်လည်း ရမည် ထင်သည်။ နိုင်ငံရေးပုဂ္ဂိုလ်များ ရေးဖွဲ့သောအခါ သူ၏သမိုင်းနောက်ခံကားသည် အရေးကြီးသည်ဟု ဆိုနိုင်သည်။

နိုင်ငံရေးခေါင်းဆောင်တစ်ဦးသည် သူ့ခေတ်နှင့်သူသာလျှင် ထင်ပေါ် တည်ရှိစမြဲဖြစ်သည်ဟု ကျွန်တော်က ယူဆသည်။ ထို့ကြောင့် ကျွန်တော်နိုင်ငံရေးခေါင်းဆောင်များကိုဖွဲ့လျှင် သူ့သမိုင်းခေတ်ကို ပီပီသသပင် ဖွဲ့နွဲ့တတ်သည်။

စာရေးဆရာ ဖွဲ့ရာတွင်လည်း သမိုင်းခေတ်သည် အရေးမကြီးမဟုတ်၊ အရေးကြီးသည်။ သူ၏စာပေခေတ်သမိုင်း နောက်ခံကားနှင့် ဆက်စပ်နေသည်ကို တွေ့နေရသည်။ ဆရာကြီး မဟာဆွေ၏ရုပ်ပုံကားချပ်ကို ဖွဲ့သောအခါ ကျွန်တော်စစ်ပြီးခေတ်တွင်မှ ဖွဲ့ဖြစ်သည်။ တကယ်က ဆရာကြီးသည် စစ်မဖြစ်မီခေတ် ကိုလိုနီဆန့်ကျင်ရေး လှုံ့ဆော်သောအခန်းတွင် ပါဝင်သူဖြစ်သည်။ စစ်ပြီးခေတ်ရောက်သောအခါ ဆရာကြီး၏နိုင်ငံရေးရာ အယူအဆများကို ကျွန်တော် ဝေဖန်စောကြော မိသွားသည်။ မတတ်နိုင်။

ဝတ္ထုရေးဆရာ ရဲထွတ်ဖွဲ့စဉ်က ရဲထွတ်၏စစ်မဖြစ်မီက ဝတ္ထုအဖွဲ့အနွဲ့များကို ကျွန်တော် သတိရမိ၍ ရေးဖွဲ့လိုက်သည်။ ပန်းချီဆရာဦးအုန်းလွင်အကြောင်း ရေးဖွဲ့သောအခါ သူ၏အမျိုးသားဟန်ပါသော၊ မြန်မာမှုဟန်ပါသော ပန်းချီရေးဖွဲ့ခံစားနေစဉ်က ဖြစ်သည်။

mgyoe.com

mgyoe.com


ပန်းချီ ကိုအောင်စိုးနှင့်ကား သူပန်းချီဆရာပေါက်စ၊ ငယ်စဉ်ကပင် ခင်မင်ရင်းနှီးခဲ့သည်။ ထိုအခါက သူသည် ပန်းချီဟန် ပီပီသသ မရှိသေး။ သို့သော် နောက်၌ သူ၏စိတ္တဇပန်းချီဟု ကျွန်တော်တို့က နာမည်ပေးကြသော ဆန်းသစ်ခေတ်ပေါ် ပန်းချီအဖွဲ့အနွဲ့များ ဖြစ်သည်။ လူငယ်ပိုင်းက နှစ်သက်စွဲလမ်းကြသည်။ သူဆုံးသွားသောအခါ ကျွန်တော်မရေးဖွဲ့ဘဲ မနေနိုင်တော့။ သူနှင့်ခင်မင်ရင်းနှီးသော ဇာတ်လမ်းကလေးများကလည်း ကျွန်တော့်ကို ကိုင်လှုပ်နှိုးဆွပေးခဲ့သည်။

အများအားဖြင့်ကတော့ ကျွန်တော်သည် အသက်ရှင်စဉ်က ပုဂ္ဂိုလ်များကို ရေးဖွဲ့တတ်သည်။ တချို့လည်း ကွယ်လွန်ပြီးမှရေးသည်။ အကြောင်းကြောင်းကြောင့် အသက်ရှင်စဉ်တွင် သို့မဟုတ် ဆုံးပြီးမှသော်လည်းကောင်း ရေးခြယ်သော်လည်း မရေးရသည်များလည်း ရှိတတ်သည်။ မတတ်နိုင် မတတ်နိုင်။

စာပေဂျာနယ်၊ ၂/၁၊ စက်တင်ဘာ၊ ၁၉၉၄။

❐

mgyoe.com

mgyoe.com

# ရုပ်ပုံလွှာ ခြယ်သခြင်း (၁)

ရုပ်ပုံလွှာဟူသောအမည်ဖြင့် ၁၉၅၅ က စာအုပ်ထုတ်ခဲ့ဖူးသည်။ ကျွန်တော် တာရာမဂ္ဂဇင်းတွင် ရေးသားခဲ့သော ဆောင်းပါးများကို စာအုပ်တစ်အုပ်အဖြစ် ဖွဲ့စည်းထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ ပထမ ယင်းစာအုပ်ကို လူကိုလေ့လာခြင်း အမည်ပေးသည်။ ကျွန်တော်က ဆရာဦးသိန်းဟန် (ဆရာဇော်ဂျီ) အား အမှာစာရေးရန် သွားပြောရင်းက စကားစပ်မိပြီး လူကို လေ့လာခြင်း အမည်ဖြင့် ရေးသည်ကို သူမကြိုက်။ နောက်ဆုံးတွင် ရုပ်ပုံလွှာအမည်ဖြင့် ထုတ်ဝေရန် ဆုံးဖြတ်လိုက်သည်။

ဆရာ မကြိုက်သည်မှာ လူကို လေ့လာခြင်းဆိုသည်မှာ ဆွဲဆောင်မှု မရှိဟု ယူဆသောကြောင့်ဖြစ်သည်။ ကျွန်တော်က သဘောတူသွားခြင်းသည် ရုပ်ပုံလွှာဟူသော စကားလုံးကို စစ်မဖြစ်ခင် ၁၉၄၀ ပတ်ဝန်းကျင်လောက်ကဖြစ်မည်။ နဂါးနီဂျာနယ်တွင် ဝတ္ထုအမည်ဖြင့် ရေးခဲ့ဖူးသည်။

ယင်းရုပ်ပုံလွှာဝတ္ထုတွင် မဒမ်လင်းသွင်အမည်ရှိ အပျိုပေါက်လေးနှင့် ပန်းချီဆရာ ကိုဘကြည်တို့ မေမြို့တွင် တွေ့ဆုံကာ ချစ်သွားသော အကြောင်းအရာဖြစ်သည်။

ကိုဘကြည်က အိမ်ထောင်ရှိသူဖြစ်သည်။ ကောင်မလေး၏ ပုံတူ

mgyoe.com

mgyoe.com



ပန်းချီကားကို ညနေတိုင်း လာရင်း ရေးဆွဲကာ အပြီးသတ်ပြီးနောက် နောက်ထပ် မတွေ့တော့ပေ။ ပန်းချီကားကို သိမ်းထားမည်ဖြစ်ကြောင်းနှင့် စာကို အဆုံးသတ်ထားသည်။ ဝတ္ထုတိုလေးဖြစ်သည်။

ပုံတူပန်းချီကားကို ရုပ်ပုံလွှာဟု ကျွန်တော် အမည်ပေးထားခြင်း ဖြစ်ပေသည်။ နောင်တွင် စာပေဝေဖန်ရေးဆောင်းပါးများရေးရာတွင် ကျွန်တော် ရုပ်ပုံလွှာအဖွဲ့အနွဲ့ဟူသောစကားလုံးဖြင့် စာပေအမျိုးအစားများ ခွဲခြားရန်တွင် သုံးနှုန်းခဲ့သည်။ ရသဟန်ဖြင့် ဖွဲ့နွဲ့သောစာပေကို ရုပ်ပုံလွှာအဖွဲ့အနွဲ့ဟု ကျွန်တော်က အမည်ပေးလိုက်ချင်သည်။

ပုံတူရေးသော ပန်းချီကားကို ရုပ်ပုံလွှာဟုခေါ်၍ လူတစ်ယောက်၏အကြောင်းကို ရေးသားသော စာပေအဖွဲ့အနွဲ့ (သို့) ရသဟန်ဖြင့် ပန်းချီကဲ့သို့ ခြယ်သမွမ်းဖွဲ့သော ရုပ်ပုံလွှာရေးခြင်းကို ရုပ်ပုံလွှာအဖွဲ့အနွဲ့ဟု ဖော်ပြသည်။

(ခ)

ကျွန်တော်သည် ပန်းချီဆရာမဟုတ်။ သို့သော် စိတ်တံဖြင့် ပန်းချီကားပေါ်တွင် ခြယ်ရေးသော ပန်းချီကိုကား ဝါသနာပါသည်။ ကျွန်တော်များများရေးသည်ကတော့ တောတောင်၊ ပန်းပွင့်စသော တောဘွဲ့ တောင်ဘွဲ့၊ ပန်းဘွဲ့ဖြစ်သည်။ သို့သော် ပုံတူပန်းချီကား (ဝါ) ရုပ်ပုံလွှာလည်း ကျွန်တော် ခြယ်ရေးချင်သည်။

သို့သော် ကျွန်တော် ရေးသည့်အခါ ထိုင်ပေးမည်သူက ရှာ၍မရ သန္တာ၊ ဟေမာ၊ ရူပါ စသော တူမငယ်လေးများအား ထိုင်ခိုင်းသည်။ သူတို့က စိတ်မပါ။ ထိုင်ခိုင်း၍မရ။ သူတို့က ငြိမ်ငြိမ်သက်သက် နေရသည်ကို မကြိုက်။ ဒါနှင့် ကလေးငယ်များကို စွန့်လွှတ်လိုက်ကာ နည်းနည်းကြီးသော တူမအား ထိုင်ခိုင်းရသည်။

mgyoe.com

mgyoe.com


သူမကလည်း သိပ်မထိုင်ချင်။ သို့သော် အသက် ၂၀ ခန့်အရွယ် ဖြစ်၍ ပြောရ၍တော့ရသည်။ ထိုင်ခိုင်း၍ ပန်းချီရေးရသည်။ သူမကလည်း ငြိမ်ငြိမ်သက်သက်နေသည်မဟုတ်။ ကျွန်တော်ကလည်း ကျွမ်းကျင်သော ပန်းချီဆရာမဟုတ်ခဲ့။ ခက်နေပြီ။ ကျွန်တော်ခြယ်ရေးချင်သည်က နုပျိုခြင်းသဘောကို ခြယ်ရေးလိုခြင်း ဖြစ်သည်။ ကလေးများကို ကျွန်တော် ရေးချင်သည်။ သို့သော် မဖြစ်၍ ကျွန်တော့်တူမကို ရွေးလိုက်ရသည်။

တကယ်ကတော့ ကျွန်တော်သည် ပုံတူပန်းချီကား ရေးလိုခြင်း မဟုတ်။ နုပျိုခြင်းကို ကိုယ်စားပြုသော ရုပ်ပုံလွှာကားချပ်ကို ရေးလိုခြင်း ဖြစ်သည်။ သည်တော့ ကျွန်တော်လိုချင်သော အနုပညာသစ်တစ်ခုကို ရှာဖွေရသည်။ စဉ်းစားရသည်။ ကျွန်တော်သည် ယင်းရုပ်ပုံလွှာကို ခြယ်သောအခါ အရောင်များမသုံး၊ နုပျိုခြင်းကိုကိုယ်စားပြုသော အရောင်များဖြင့်သာ ခြယ်သချင်သည်။ ကျွန်တော်က ပန်းချီကျောင်းသား မဟုတ်၍ ကောက်ကြောင်းပင် မလျာထားတတ်။ စုတ်တံဖြင့်ပင် တစ်ခါတည်း ချရေးလိုက်သည်။ သုံးသောအရောင်က ပန်းနုရောင်။ သို့သော် အဝါနည်းနည်း ထည့်လိုက်သည်။ လိမ္မော်ရောင်လိုလည်း မဝါအောင် အားထုတ်ရသည်။ ပန်းနုရောင်က လွှမ်းမိုးနေ သည်။

ပန်းနုရောင်ကို ကျွန်တော်က နုပျိုခြင်းကို ကိုယ်စားပြုသည်ဟု ယူဆထားသည်။ သူမဝတ်ထားသော ရုပ်အင်္ကျီလေးကလည်း လိမ္မော်ရောင်ဆန်ဆန်လေး၊ ပန်းနုရောင်မဟုတ်။ ကျွန်တော်ရွေးပေးသည့် အင်္ကျီဖြစ်သည်။ ကျွန်တော့်စိတ်ကူးထဲတွင် နောက်ခံကားကလည်း ပန်းနုရောင်ခပ်နုနု။ ပုံဖော်သောအခါ ဆံပင်ကို အနက်ရေးရန် စိတ်မကူး။ အနီရင့်ရေးမည်ဟု ကျွန်တော် စွဲထားသည်။ ယင်းသို့ ပန်းနုရောင်စနစ်ဖြင့် ကျွန်တော်ရေးသည်။ သို့သော် တကယ်ရေးချလိုက်သောအခါ ကျွန်တော်

mgyoe.com

mgyoe.com



မရဲ။ ဆံပင်ကို ကျွန်တော် အနီရောင်လုပ်၍မရ။ ဆံပင်အနီရောင်လုပ်လိုက်လျှင် လူရုပ်ပုံကို ကိုယ်စားပြုသော သင်္ကေတသဘော ပျက်ယွင်းမည်ဟု ကျွန်တော်က စိုးရွံ့မိသည်။ ထို့ကြောင့်ပင် ဆံပင်ကိုတော့ အနက်ရောင်ပင် သုံးလိုက်ရသည်။ စိတ်ကတော့ မကျေနပ်။

သူမပုံကို ကျွန်တော်ရေးမည်ရှိသောအခါ သူမ၏ရုပ်ပုံကို ကျွန်တော် စဉ်းစားရသည်။ သူမက ကျောင်းဆင်း ခါစ။ ဆေးရုံတစ်ရုံတွင် အလုပ်လုပ်နေသည်။ ဒီတော့ သူမ၏သဘာ ဝတ္တ မပေါ်လွင်မထင်ရှားသေး။ ကျွန်တော်စိတ်ထဲတွင်လည်း မပေါ်လွင် မထင်ရှားသေး။

ကျွန်တော်က ပုံတူသက်သက်ကို ရေးချင်သူမဟုတ်။ ပုံတူသက်သက်ဆိုလျှင်တော့ ဘာစုတ်တံဖြင့်ပန်းချီရေးဖို့လိုသလဲ။ ဓာတ်ပုံရိုက်လျှင် ပြီးသည်။ သို့သော် ကျွန်တော်က ဤကဲ့သို့ ပုံတူစစ်စစ်ဓာတ်ပုံဟန်ကို မကြိုက်။ ထို့ကြောင့် ရုပ်ပုံလွှာရေးဖွဲ့သည့်အခါ ရုပ်ပုံ၏သဘာဝတ္တ (သို့) သင်္ကေတကို ကျွန်တော်စိတ်ထဲတွင် ထင်သည့်အတိုင်း စိတ်ကူးရုပ်ပုံဆန်ဆန်ကိုသာ ရေးချင်သောကြောင့် ယင်းသို့ပန်းနုရောင်စနစ်ကို သုံးရခြင်းဖြစ်သည်ဟု နောင်အခါ ဝေဖန်သုံးသပ်မိပေသည်။

ပန်းချီကား ပြီးသွားသောအခါ တူမက ပုံကိုမကြိုက်။ လူမြင်မှာကိုပင် ရှက်နေသည်။ ကျွန်တော် မေးကြည့်တော့ 'ဟာ သိပ်အရုပ်ဆိုးတာပဲ' ဟု ဆိုသည်။

ကျွန်တော့်ရင်ထဲတွင် ကျေနပ်သွားသည်။ ကျွန်တော်က အလှကိုဖွဲ့ချင်သူမဟုတ်။ ပုံတူသက်သက်ကို ရေးချင်သူမဟုတ်။ ရုပ်ပုံ၏သင်္ကေတ သဘောကိုသာ ဖွဲ့နွဲ့လိုခြင်းသာ ဖြစ်သည်။ အရုပ်ဆိုးချင်ဆိုး။ ဒါက ကျွန်တော်နှင့်မဆိုင်။ ကျွန်တော်၏ရုပ်ပုံလွှာအမြင်သည် အခြားသူများနှင့် တူချင်မှတူမည်။ ရုပ်ပုံလွှာအဖွဲ့ခံရသူကလည်း ကြိုက်ချင်မှကြိုက်မည်။ ဒါက ကျွန်တော်နှင့်မဆိုင်။

mgyoe.com

mgyoe.com


ကျွန်တော်က ကျွန်တော့်စိတ်ထဲတွင် ဖမ်းမိထားသော၊ စွဲငြိထားသော သင်္ကေတ သဘောရုပ်ပုံ (သို့) စိတ်ကူးရုပ်ပုံကိုးကားဖွဲ့လိုခြင်း ဖြစ်သည်။ ရုပ်ပုံလွှာကားချပ်ပြီးသွားသောအခါ မိတ်ဆွေရင်း ပန်းချီဆရာကိုခင်မောင်ရင် အား ပြသည်။ သူ့ထင်မြင်ချက်ကို တောင်းသည်။ 'ကောင်းရဲ့လားဗျ' ဟု ကျွန်တော်က မေးသည်။

'ဟာ ဒဂုန်တာရာရဲ့ ဟန်ပေါ့ဗျ' ဟု ပြောသည်။ ကျွန်တော် တော်တော်ကျေနပ်သွားသည်။ ကိုခင်မောင်ရင်ကလည်း ကျွန်တော်၏ ရုပ်ပုံလွှာကို ခြယ်ရေးပေးသည်။ လွန်ခဲ့သော အနှစ် ၂၀ ခန့်က ဖြစ်သည်။

သူကတော့ ပန်းချီဆရာကြီးဖြစ်၍ တစ်ထိုင်တည်းနှင့်ပင် ပြီးအောင် ဆွဲသည်။ ကျွန်တော်သည် ပန်းချီဆရာ မဟုတ်သော်လည်း တစ်ထိုင်တည်းပင် ရေးဆွဲခဲ့ပေသည်။ သို့သော် အနုပညာ၏ယူဆပုံ၊ အကဲဖြတ်ပုံ တို့ကတော့ တစ်ယောက်နှင့်တစ်ယောက် တူချင်မှ တူကြပေမည်။

ကျွန်တော့်တူမက သူ့ရုပ်ပုံလွှာပန်းချီကားချပ်ကို ဧည့်ခန်းတွင် ထားသည်ကိုမကြိုက်။ ပြန်သွင်းသွားသည်။ ကျွန်တော်က ပြန်ထုတ်သည်။

ပြန်ထုတ်သည်မှာ အခြားအကြောင်းကြောင့်မဟုတ်။ ရုပ်ပုံလွှာကားချပ်ကို ကြည့်၍ ကြည့်သူတို့က မည်သို့တုံ့ပြန်မလဲဟု ကျွန်တော် သိချင်သောကြောင့် ဖြစ်သည်။

တချို့က တူသည်ဟု ပြောသည်။ တချို့က ခပ်ငေးငေးကြည့်ကာ မတူဟု မပြောသော်လည်း မတူဟု ထင်သည့်သဘော၊ တူသည်ဟု ပြောသည်ကို ကျွန်တော်က သိပ်မကြိုက်ချင်လှ။ ကျွန်တော်က ပုံတူ ရေးခြယ်လို ခြင်းမဟုတ်။

ကျွန်တော်၏အမြင်၊ ကျွန်တော်၏ရုပ်ပုံလွှာအဖွဲ့အနွဲ့ အယူအဆ ဖြင့် ခြယ်ရေးသော စိတ်ကူးရုပ်ပုံလွှာသာ ဖြစ်ချင်သည်မဟုတ်လား။

mgyoe.com

mgyoe.com


(၈)

တစ်လောက ဆရာပါ (ပါရဂူ) က ကျွန်တော့်အကြောင်းကို ရုပ်ပုံလွှာအမည်ဖြင့် ရေးလိုက်သည်။

ကျွန်တော်သည် အခြားသူများ၏ရုပ်ပုံလွှာများကို ရေးသော်လည်း ကျွန်တော့်ရုပ်ပုံလွှာများကို ဖွဲ့နွဲ့သူ သိပ်မရှိလှ။ လွန်ခဲ့သောအနှစ် ၃၀ ကျော်က ကိုထွန်းလှ (တက္ကသိုလ်နေဝင်း) က ရှုမဝမဂ္ဂဇင်းတွင် ကျွန်တော့် အကြောင်းရေးဖွဲ့ဖူးသည်။ ဒါလောက်ပဲ ရှိသည်။

ယခု မိတ်ဆွေရင်း ဆရာပါက ရေးသည်။ ဗိုလ်ထွန်းလှကလည်း ကျွန်တော်နှင့် ကျောင်းနေဖက်သူငယ်ချင်း။ ကျွန်တော်သည် ရုပ်ပုံလွှာအဖွဲ့အနွဲ့စာပေများကို ကြိုက်သည်။ ရုပ်ပုံလွှာအဖွဲ့အနွဲ့ပန်းချီကားများကို ကြိုက်သည်။

နိုင်ငံခြားရောက်၍ ပန်းချီပြတိုက်သို့သွားသည့်အခါများတွင်လည်း ရုပ်ပုံလွှာကားချပ်ရှေ့တွင် တော်တော်ကြာကြာ ရပ်နေမိသည်။

လွန်ခဲ့သော အနှစ် ၄၀ ခန့်က လီနင်ဂရက်က (ယခု စိန့်ပီတာစဘတ်) ရှိ ဟာမစ်တစ် ပန်းချီပြတိုက်သို့ ရောက်သောအခါ နာမည်ကျော် ရမ်းဘရင့်၏ ရုပ်ပုံလွှာကားချပ်ရှေ့တွင် အတော်ကြာ ငေးမောနေမိသည်။ ကျွန်တော်သည် ရုပ်ပုံလွှာကို စိတ်ဝင်စားသည်။ ကျွန်တော်စ၍ ရေးဖြစ်သည်က ၁၉၃၉ က ဗိုလ်အောင်ကျော်အကြောင်းစဉ်ဟူသော စာတမ်းကလေးဖြစ်သည်။ အာဇာနည် ဗိုလ်အောင်ကျော်၊ သူက ဂျပ်ဆင်ကောလိပ်က။ ကျွန်တော် သူနှင့် ရင်းနှီးသည်မဟုတ်။ သို့သော် သိရုံမျှသာ။ ထိုအခါက ၁၃၀၀ ပြည့် အရေးတော်ပုံတွင် နာမည်ထင်ရှားလာ၍ ကျွန်တော်ကျောင်းသားသမဂ္ဂက ထုတ်ဝေသောစာစဉ်တွင် ရေးလိုက်မိသည်။

ထို့နောက် ၁၉၄၀ တွင် အောင်ဆန်း (သို့မဟုတ်) အရိုင်းအမည်

mgyoe.com

mgyoe.com


ဖြင့် စတင်ရေးလိုက်သည်။ ကျွန်တော်သည် နိုင်ငံရေးသမား၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ဂီတဆရာစသော ကျွန်တော်စိတ်ဝင်စားသည့်သူများကိုသာလျှင် ရုပ်ပုံလွှာအဖွဲ့အနွဲ့ဖြင့်ရေးသည်။ သူ့ခေတ် ထိုအခါက ကျွန်တော့်ရင်ထဲတွင် ရှိန်းရှိန်းရှရှ ခံစားရလျှင် ရေးမိသည်။

ယခု ပါရဂူရေးလိုက်သောအခါ ကျွန်တော်သည် ရုပ်ပုံလွှာ အဖွဲ့အနွဲ့ရေးရာ အယူအဆများကို ပြန်လည်တွေးတောနေမိတော့သည်။

ရွှေဝတ်မှုန်၊ ၃/၇၊ ဒီဇင်ဘာ၊ ၁၉၉၂။

mgyoe.com

mgyoe.com

# ရုပ်ပုံလွှာခြယ်သခြင်း (၂)

ရုပ်ပုံလွှာခြယ်သခြင်းတွင် ပန်းချီဘက်ကတော့ ကျွန်တော် သိပ်မဖြစ်။ ကျွန်တော်က မဖွဲ့နွဲ့ချင်၍ မဟုတ်။ ထိုင်ပေးမည့်သူမရှိခြင်း ကြောင့် ဖြစ်သည်။ ပန်းချီတွင် ရုပ်ပုံလွှာခြယ်သခြင်းမှာ လူကိုယ်တိုင်ထိုင် ပေးမှ ယင်းရုပ်ပုံကို ကြည့်ကာ ရေးရခြင်းဖြစ်သည်။ ဒီတော့ မဖြစ်။ ဆေးရေးအဖွဲ့အနွဲ့ခံသူတို့ကလည်း သူတို့ရုပ်ပုံကို လှပချောချောမောမော ဖြစ်စေချင်သည်ဆိုတော့ သာ၍ မဖြစ်၊ ကျွန်တော်က ကျွန်တော့်အမြင် အတိုင်းသာ ရေးချင်သူ ဖြစ်သည်။ ရုပ်ဆိုးသည်၊ လှသည်ဆိုသည် ကတော့ လူတို့၏စိတ်ထဲတွင်ဖြစ် ပေါ်လာသော ခံစားမှုသာ ဖြစ်သည်။ ဒါက အရေးမကြီးဟု ကျွန်တော်က ထင်သည်။ ပန်းချီဘက်တွင် မဖြစ် သော်လည်း စာပေဘက်တွင် သိပ်မဆိုးလှ။

ကျွန်တော်သည် စောင်းဆရာ၊ ပန်းချီဆရာ၊ စာရေးဆရာ၊ ဝတ္ထု ရေးဆရာ၊ စာပေနှင့် အနုပညာရှင်များကို ခြယ်ရေးခဲ့သည်။ နိုင်ငံရေး ခေါင်းဆောင်များကိုလည်း ခြယ်ရေးခဲ့သည်။ သို့သော် ကျွန်တော့် ရုပ်ပုံလွှာ ကို ခြယ်ရေးသူကတော့ သိပ်မရှိ။ ပန်းချီဆရာ ပေါ်ဦးသက်၊ ခင်မောင်ရင် တို့က ကျွန်တော့်ရုပ်ပုံလွှာပုံကို ခြယ်ရေးခဲ့ကြသည်။ ကြာပါပြီ။

mgyoe.com

mgyoe.com


သူတို့က ရုပ်ပုံလွှာဘက်တွင် ရင့်သူများဖြစ်၍ ကျွန်တော် ထိုင်ရသည်မှာ သိပ်ပြီး အပန်းလည်းမကြီးလှ၊ မကြာလည်း မကြာ။ ခဏနှင့်ပင် ပန်းချီကားတစ်ချပ်ဖြစ်သွားခဲ့သည်။

ကိုပေါ်ဦးသက်ကတော့ တစ်ကြောင်းဆွဲပန်းချီဖြင့် ခြယ်ရေးခြင်းဖြစ်သည်။ ကိုခင်မောင်ရင်ကတော့ ဆီဆေး။ နောက်ပိုင်း ရေးခြယ်သူများကတော့ ကျွန်တော် မဂ္ဂဇင်းထဲတွင် ပါသောဓာတ်ပုံကိုကြည့်၍ ဆီဆေးဖြင့် ခြယ်ရေးကြသည်။

တကယ်ကတော့ ရုပ်ပုံလွှာဆိုသည်မှာ မျက်မြင်သက်ရှင်လူတွေ ခြယ်သရခြင်း ဖြစ်သည်။ တစ်မျိုးစီဟု ဆိုလျှင်လည်း ဆိုနိုင်သည်။ စာပေအဖြစ် ကျွန်တော်၏ရုပ်ပုံလွှာကို ခြယ်သူက မရှိသလောက်ပင်။ လွန်ခဲ့သော ၄၂ နှစ် ၁၉၄၉ ခန့်က ကျွန်တော်နှင့် ကျောင်းနေဖက် ကိုထွန်းလှက ရှုမဝတွင် ကျွန်တော့်ရုပ်ပုံလွှာကိုစာဖြင့် ဖွဲ့နွဲ့ဖူးသည်။

ကိုထွန်းလှ ကျွန်တော်နှင့် လွန်ခဲ့သော ၁၉၃၀ ခန့်ကတည်းက ခင်မင်သူ၊ ကျောင်းသားဘဝကတည်းက စတင်ခင်မင်သည်။ ကျောင်းသားဘဝက စပြီး ဖွဲ့နွဲ့သည်။ ရင်းနှီးခြင်းလည်း ပါရှိနေသည်။

ပါရဂူကတော့ ကြီးမှ သိကျွမ်းခင်မင်ရသူ ဖြစ်သည်။ ကိုထွန်းလှက တက္ကသိုလ်နေဝင်း အမည်ဖြင့် ကျောင်းသားဘဝကတည်းက စာရေးသားခဲ့သူ။ ခုတော့ ရေးသံမကြားရ။ အခြားတစ်ယောက်မှာ ကိုစံဝင်း။ ကိုစံဝင်းက ကျွန်တော့်ရုပ်ပုံလွှာသဘောမျိုး ရေးခြယ်သည်။

ဗိုလ်ထွန်းလှ အဖွဲ့အနွဲ့ကတော့ ကျွန်တော့်အပေါ် အမွှမ်းများနေသည်ဟု ယူဆကာ နည်းနည်းပါးပါး သူရေးသည့်အထဲက ကောက်နုတ်၍ အပိုင်းအစများကိုသာ ဖော်ပြလိုက်သည်။ သူက ချောမောလှပသော ပုံကားချပ်အဖြစ် ဖွဲ့သည်။

ကိုထွန်းလှက ကျွန်တော်၏ဂီတဘဝကိုပို၍ သိဟန်တူသည်။

mgyoe.com

mgyoe.com


သူက ကျွန်တော် စန္ဒရားတီးလျှင် တယောလိုက်ပေးသူဖြစ်သောကြောင့် ဖြစ်မည်။ ထို့နောက် စစ်ပြီးခါနီးတွင် သူသည် ဗမာ့တပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၏အပါးတော်မြဲ ဆောင်ရွက်ခဲ့၍ ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော့်အပေါ်မြင်ပုံ၊ ပြောပုံလေးများကို သူက သိထားသူလည်းဖြစ်သည်။

*"'ယခုအခါ ဗမာစာပေများကို ဖတ်ရတာ အားမရပါဘူး' ဟု ညည်းညူလေ့ရှိသော ဗိုလ်ချုပ်အောင်ဆန်းသည် ဒဂုန်တာရာ၏ စာများ ကို အထူးနှစ်ခြိုက်စွာ ဖတ်လေ့ရှိသည်။ လူ့လောက ကို နိုင်ငံရေးအမြင်နှင့်ယှဉ်ကာ သုံးသပ်ဝေဖန်သည့်စာများကို ဗိုလ်ချုပ်သဘောကျတတ်သော ကြောင့်ပင်တည်း"*

*(တက္ကသိုလ်နေဝင်း)*

(ခ)

ကိုထွန်းလှသည် ရုပ်ပုံလွှာခြယ်သရာတွင် သမိုင်းနောက်ခံလေးပါ ထည့်လိုက်သည်။

*သူ့ကို ဂျပန်ခေတ် ဗမာအစိုးရလက်ထက်တွင် မြို့ပိုင် အလုပ်ပေးခြင်းခံရသေးသည်။ သို့သော် သူလက်မခံခဲ့။ ကဗျာ စာပေကောင်းကောင်း မရေးရ၊ စန္ဒရားကောင်းကောင်းမတီးရဘဲ ချွေးတပ်ဆွဲရင်းအချိန်ကုန်မည့် မြို့ပိုင်အလုပ်ကို သူသဘော မကျသဖြင့် ဇာတိနေရပ် ကျိုက်လတ်သို့ ပြန်နေခဲ့လေသည်။*

*(တက္ကသိုလ်နေဝင်း)*

*မြို့ပိုင်အလုပ်သည် မြို့ရွာအေးချမ်းသာယာရေးကို ဆောင်ရွက် ရန်ဖြစ်သော်လည်း ချွေးတပ်ဆွဲသောအလုပ်ကိုပါ ဂျပန်က ခိုင်းထား သည်။*

mgyoe.com

mgyoe.com


*တစ်ခုက ကျွန်တော်သည် အစိုးရလခစားအလုပ်ကို စိတ်ဝင်စားသူ မဟုတ်။*

*၁၉၄၄ ခုနှစ် ကုန်ခါနီးတွင် ဖက်ဆစ်တော်လှန်ရေးအတွက် လူထုစည်းရုံးရန် အလွန်အရေးကြီးလာသောအခါ ဗမာ့တပ်မတော် ပြည်သူ့ဆက်ဆံရေးဌာနကြီး၌ ဝင်ရောက်အမှုထမ်းရန် ကိုဌေးမြိုင်အား ခေါ်ခဲ့သေးသည်။*

*(တက္ကသိုလ်နေဝင်း)*

ဂျပန်က သူတို့စစ်ဝါဒဖြန့်ချိရေးကိုသာ အလုပ်အဖြစ် ဆောင်ရွက်သည်။ ဒါကို ကျွန်တော် မကြိုက်။ ထို့ကြောင့် ဗမာ့တပ်မတော်မှ စစ်ဝန်ကြီး၊ ဒုတိယစစ်ဝန်ကြီးများနှင့် စကားစပ်ခိုက် "ဗမာ့တပ်မတော်နဲ့ ပြည်သူတို့ဆက်ဆံရေး အရေးကြီးနေပြီဗျ။ တပ်မတော်ကလုပ်ငန်း တစ်ခုခု လုပ်မှဖြစ်မယ်ဗျ" ဟု ကျွန်တော်က ပြောလိုက်မိသည်။

သူတို့က "ဒါဖြင့် ရေးဗျာ" ဟုဆို၍ ကျွန်တော်က ပြည်သူ့ဆက်ဆံရေးစီမံကိန်းကို ရေးဆွဲပေးလိုက်သည်။ သူတို့ကလည်း ပြည်သူ့ဆက်ဆံရေးဟူသောစကားလုံးကို ကြိုက်သွားကြသည်။ ပြည်သူ့ဆက်ဆံရေးတွင် သတင်းပြန်ကြားရေးဌာန၊ ပန်းချီဌာန၊ သဘင်နှင့်ဂီတဌာနအပြင် စာပေဖြန့်ချိရေးဌာနစုတစ်ခုလည်း ပါသည်။ ယင်းစာပေဖြန့်ချိရေးဌာနကို ကျွန်တော့်ကို လုပ်ပေးစေချင်ကြသည်။

ထို့ကြောင့်ပင် ကျွန်တော့်ကို ဗမာ့တပ်မတော်ပြည်သူ့ဆက်ဆံရေးဌာနတွင် နေရာတစ်ခုခန့်ထားပေးခြင်းဖြစ်သည်ကို ကျွန်တော်သိသည်။ သို့သော် တော်လှန်ရေးလုပ်တော့မည့်ကာလဖြစ်၍ စာပေဖြန့်ချိရေးလုပ်ငန်းကို လုပ်၍ မဖြစ်နိုင်တော့သဖြင့် ကျွန်တော်သည်မလုပ်ဘဲနေခြင်းဖြစ်သည်ကို ကိုထွန်းလှ သိဟန်တူသည်။

mgyoe.com

mgyoe.com


(၈)

ပထမဆုံးရေးသော ကိုအောင်ဆန်း ရုပ်ပုံရေးရာတွင် ထိုအခါက ခေတ်ပြိုင်နိုင်ငံရေးနောက်ခံကားကို ခြယ်လိုက်သည်။ ပန်းချီဆိုလျှင်တော့ စိတ်ကူးရုပ်ပုံသင်္ကေတများဖြင့် ခြယ်ရေးမည်။ သင်္ကေတအရောင်၊ အပွင့်များဖြင့် ဖွဲ့နွဲ့၍ ရသည်။

စာပေတွင်တော့ သည်လိုလုပ်၍ သိပ်မရ။ ကျွန်တော်က သူ့ကို လူထု ခေါင်းဆောင်ဟု ဖွဲ့လိုက်သည်။ တကယ်လည်း သည်လိုခံစား၍ ကျွန်တော်က ဖွဲ့ခြင်းဖြစ်သည်။ ကျောင်းသားဘဝတုန်းကတော့ သူ့ကို သည်လိုမမြင်။ ကျောင်းသားခေါင်းဆောင်လောက်သာ မြင်ခဲ့သည်။ ကျောင်းသားခေါင်းဆောင်ဆိုလျှင်ပင် သိပ်ကျယ်ကျယ်ပြန့်ပြန့် မဟုတ်သေး။ ထိုအခါက သူသည် အသက်လည်း ငယ်သေး၏။

သူ၏လုပ်ရပ်ကို ကျွန်တော်တို့မမြင်ရသေး။ ယခု သူ့ရုပ်ပုံလွှာကို ဖွဲ့စဉ်ကတော့ သူ့ရုပ်ပုံလွှာနှင့် လုပ်ရပ်ကို ကျွန်တော် ထိတွေ့ခံစားနေရသည်။ ထို့ကြောင့် လွတ်လပ်ရေးလှုပ်ရှားမှုတွင် တစ်တိုင်းပြည်လုံးက ကြည်ညိုချစ်ခင်လေးစားသည်ကိုတွေ့၍ ကျွန်တော်က လူထုခေါင်းဆောင်ဟုဆိုခြင်း ဖြစ်ပေသည်။

ထိုခေါင်းဆောင်ဟူသည်မှာ ကိုယ့်ကိုယ်ကိုယ် ခန့်၍ မရ။ ကိုယ့်အသိုက်အဝန်းကလည်း ခန့်၍ မရ။ ကိုယ့်အဖွဲ့အစည်းကလည်း ခန့်၍ မရ။ ပြည်သူတစ်ရပ်လုံးက လေးစားအသိအမှတ်ပြုမှသာလျှင် ခေါင်းဆောင် ဖြစ်လာနိုင်သည်။

ပါရဂူက ကျွန်တော့်ရုပ်ပုံလွှာကို ခြယ်သရာတွင်တော့ တစ်မျိုး။ သူနှင့် ကျွန်တော် အသက် ၃၀ ကျော် ၄၀ နောက်ပိုင်းတွင်သာ ခင်မင်သိကျွမ်းရသော်လည်း တတွဲတွဲရှိခဲ့ကြ၍ ပို၍ ရင်းနှီးသည်ဟု ဆိုရမည်။ ထို့ကြောင့် သူက ကျွန်တော့်ကို ကလိသည်၊ ရိသည်။ ဟာသအကွက်

mgyoe.com

mgyoe.com


ကလေးများဖြင့် စသည်။ ဒါတော့ ကျွန်တော် မတတ်နိုင်။

လွန်ခဲ့သော အနှစ် ၂၀ ခန့်က ဖြစ်မည်။ အတ္ထုပ္ပတ္တိစာတမ်းဖတ်ပွဲ တစ်ခုတွင် သူက ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိအကြောင်း သူ့စာတမ်းတွင် ဖတ် ကြားသည်။ ဒဂုန်တာရာ၏ ဒဂုန်တာရာဟူသော ကျွန်တော် အနှစ် ၄၀ ကျော်က ရေးသောကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်ကို ဝေဖန်လိုက် သည်။

ကျွန်တော်၏ကိုယ်တိုင်ရေး စာအုပ်တွင် အချစ်ရေးမပါဟု ကလိ သည်။ သည်အကြောင်းကို သူ၏ရုပ်ပုံလွှာဆောင်းပါးတွင် ပြန်လည် ဖော်ပြသည်။ စကားဆက်မရှိဘဲ တမင်တကာဆက်စပ်ပြီး ယင်းစာတမ်း ဖတ်ပွဲသို့ ကျွန်တော်နှင့် အမျိုးသမီးစာရေးဆရာမတစ်ယောက် အတူလာ တက်သည်ဟု လှစ်ခနဲအလစ်ဝင်ထည့်လိုက်သည်။ သိမ်သိမ်မွေ့မွေ့ ခပ်ပါးပါး။

တော်သေးသည်။ အမျိုးသမီးက ခေတ်ပြိုင်ဒဏ္ဍာရီထဲက အမျိုး သမီး။

ကျွန်တော်လည်း ဘာမျှမတတ်နိုင်။ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွင် အချစ်ရေးပါလျှင် ကောင်းသည်။ မပါလျှင်လည်း ကိစ္စမရှိ။ ကျွန်တော် ဒဂုန်တာရာ၏ ဒဂုန်တာရာရေးစဉ်က နှင်းဆီနှင့်ဆူးဟူသော ခေါင်းစဉ်ဖြင့် ဘာဘာညာညာရေးရမလားဟု စိတ်ကူးကာ ယင်းခေါင်းစဉ်တပ်သည်။

သို့သော် ယင်းစိတ်ကူးကို ရေးချလိုက်သောအခါ သတ္တိကမရှိ။ သည် အကြောင်းကိုတော့ သူ့ကိုပြန်မပြောပြမိ။

ရွှေဝတ်မှုန်၊ ၃/၈၊ ဇွန်၊ ၁၉၉၃။

mgyoe.com

mgyoe.com

# ရုပ်ပုံလွှာခြယ်သခြင်း (၃)

## (က)

ကျွန်တော် ပန်းချီဝါသနာပါသော်လည်း ပန်းချီကျောင်းတွင် နေဖူးသူမဟုတ်။ ကိုယ်ကူလက်လှည့်ဆရာ မရှိ။ ယင်းဆရာမျိုးလည်း ကျွန်တော်က သိပ်တောင့်တသည်မဟုတ်။ မိမိဘာသာ ရေးဖွဲ့တတ်သည်။ ဂီတတွင်လည်း ထို့အတူဖြစ်သည်။ မြင်ဆရာ၊ ကြားဆရာဆိုသည်ကတော့ ရှိသည်။ ကျွန်တော်တို့၏ပတ်ဝန်းကျင်သည် ကျွန်တော်၏ဆရာများဖြစ်သည်။ ကျွန်တော် ပန်းချီစရေးသည်ကတော့ ရေမြေတောတောင်စသော ရှုမျှော်ခင်း ဖြစ်သည်။ ရှုမျှော်ခင်းကိုလည်း ကျွန်တော်က အာရုံခံစားသူဖြစ်သည်။ ထို့ကြောင့် အခက်အခဲမရှိ။ သို့သော် ကျွန်တော်သည် ရှုခင်းများကို ရေးဖွဲ့ရာမှ လူရုပ်ပုံကို ရေးဖွဲ့ချင်လာသည်။

သည်မှာတော့ အခက်အခဲရှိသည်။ ကျွန်တော်လူပုံရေးရန် ထိုင်ပေးမည့်သူမရှိ။ တူမလေးများကလည်း ထိုင်မပေးချင်ကြ။ ရုပ်ပုံ စမ်းရေးကြည့်လျှင် သူတို့က ငြိမ်ငြိမ်မနေ။ မျက်နှာတည်တည်မထား။ ကျွန်တော့်ကိုပင် ပြောင်စပ်စပ်လုပ်နေကြသည်။ မိမိပုံကို ရေးဖွဲ့ရန်ဖြစ်လာရတော့သည်။ အတ္တ ရုပ်ပုံလွှာဆိုပါတော့။ ဒါကတော့ အခက်အခဲမရှိ။

mgyoe.com

mgyoe.com


မှန်တစ်ချပ်ရှေ့တွင် ကိုယ့် ပုံကိုရေးဖွဲ့သည်။ ဆီဆေးနှင့် ရေးဖွဲ့သူဖြစ်၍ တာပင်တိုင်၊ လစ်ဒ်ဘီဆီနှင့် တို့ရောစပ်ရသည်။ စုတ်တံပြောင်းလျှင် စုတ်တံကို ဆေးရသည်။ ယင်းကရိကထလေးမျိုးကလည်း မသေးလှ။ စိတ်ကူးကောင်းနေစဉ် ပန်းချီဆေး ရောင်စပ်ရာ၌ အခက်အခဲရှိသည့် အလုပ်တစ်လုပ်ဆိုတော့ မိမိကိုယ်ကို မှန်ဖြင့်ကြည့်ရေးရာတွင် အာရုံပျက်သည်။ မှန်တွင် ကြည့်၍ ရေးဖွဲ့ရာတွင် ရုပ်ပုံမြင်ကွင်းက သိပ်မငြိလှ။

တစ်ယောက်ယောက် ထိုင်ပေးလျှင်တော့ သည့်ထက်ငြိမ်မည်။ ကျွန်တော်က မှန်ကိုကြည့်လိုက်၊ စုတ်တံနှင့်ရာလိုက်၊ ကောက်ကြောင်းသဘောမျိုး မင်ဆေးနှင့် တို့လိုက်လုပ်ရသည်ဆိုသည်မှာ မြင်ကွင်းမငြိမ်။ ဆံပင်ကို စဆွဲသည်။ ဆံပင်ကတော့ အခက်အခဲမရှိ။ စိတ်ကူးနှင့် အကောက်အလိပ်များထည့်၍ရသည်။ သို့သော် အခြားပါး၊ မျက်လုံး၊ မျက်ခုံးများ အနေအထားကို ရေးဆွဲသောအခါ သိပ်ကရိကထနိုင်လှသည်။ စိတ်တိုင်းမကျ။ သို့နှင့် ကျွန်တော်သည် မိမိရုပ်ပုံလွှာကို တစ်ဝက်တစ်ပျက်နှင့် ဆက်မရေးတော့ဘဲထလိုက်သည်။ အချို့ကတော့ ဆက်ရေးစေချင်ကြသည်။ ကျွန်တော်က စိတ်ပျက်နေပြီ။ မိမိပုံဆိုတော့ တူမှတူရဲ့လား၊ လိုချင်သောပုံရိပ်များကိုဖမ်း၍ ရပါမည်လားဟု တထိတ်ထိတ်နှင့်နေတော့သည်။ ထို့ကြောင့် ကျွန်တော် ဆက်မရေးဖြစ်။

ကျွန်တော်က တကယ်တော့ ပန်းချီဆရာကြီးမဟုတ်။ တကယ့်ပန်းချီ ဆရာကြီးဆိုလျှင်တော့ မှန်ကိုကြည့်ကာ မိမိရုပ်ပုံလွှာကို ရေးဖွဲ့ရာတွင် အခက်အခဲရှိမည်မထင်။

မိမိပုံတူကို ရေးဖွဲ့ခဲ့ဖူးသည်။ ပုံတူဆိုသည်ကတော့ တကယ်တူသည် မတူသည်ကတော့ ပြဿနာတစ်ရပ်ဖြစ်သည်။

မိမိပုံကိုရေးဖွဲ့သည်ဖြစ်စေ၊ အခြားပုံတူများကို ရေးဖွဲ့သည်ဖြစ်စေ

mgyoe.com

mgyoe.com


ရုပ်ပုံလွှာများကို ခြယ်သရာတွင် ရှုမျှော်ခင်းရေးသည်ထက် ကျွန်တော့်အဖို့ အခက်အခဲရှိနေသည်။ စာလုံးဖြင့် ရုပ်ပုံလွှာရေးဖွဲ့ရသည်ကတော့ အခက်အခဲမရှိ။ ကျွန်တော့်၏စိတ်အာရုံထဲတွင် စွဲလမ်းငြိထင်နေသည်များကို ချရေး လိုက်ခြင်းသာ ဖြစ်သည်။

ကျွန်တော်သည် ရုပ်ပုံလွှာစာဖွဲ့မည်ရှိသောအခါ စာရေးစားပွဲတွင် ထိုင်လိုက်သည်။ ထိုအခါ ရေးဖွဲ့မည့်သူကို စိတ်ကူးထဲတွင် မြင်လာသည်။ ခံစားမှုက ဝင်လာသည်။ သည်အတိုင်း ကျွန်တော် ချရေးလိုက်ခြင်းသာ ဖြစ်သည်။ အစီအစဉ်မရှိ။ ကြိုတင်အချက်အလက်များ ပြင်ဆင်ထားခြင်းမရှိ။ ကျွန်တော်သည် ၁၉၅၁ က ဒဂုန်တာရာ၏ ဒဂုန်တာရာ ဆိုသော အတ္တရုပ်ပုံလွှာစာအုပ်ရေးထုတ်ခဲ့ဖူးသည်။ စတင်ရေးသည်ကတော့ စောသည်။

၁၉၃၀–၃၉ လောက်ဖြစ်မည်။ သို့သော် အစမသတ်။ ၁၉၅၁ လောက်မှ ကျန်သည့်အပိုင်းများကို အစသတ်တော့ စာအုပ်အဖြစ် ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ ထို့အခါက ကျွန်တော်သည် အသက် ၃၀ ကျော်အရွယ်၌ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ (ဝါ) ရုပ်ပုံလွှာရေးဖွဲ့ရန် ငယ်လှသည်။

ကျွန်တော်ကလည်း စစ်မဖြစ်ခင် ကျောင်းသားဘဝက ဘီကလေ နစ်ကိုး၏ ၂၅ အမည်ရှိ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိရေးခြင်းကို အားကျပြီး ကျွန်တော်က ၂၃ နှစ်အရွယ်တွင် ရေးမည်။ စာအုပ်အမည်ကို ၂၃ ပေးမည်ဟု ရေးဖွဲ့သည်။ စ၍တော့ ရေးဖြစ်သည်။ သို့သော် မထုတ်ဝေဖြစ်။ တကယ်ကတော့ အရွယ်ကြီးမှ ရေးလျှင် စုံလင်မည်။ အတွေးအခေါ်များ လည်းပါမည်ဟုထင်သည်။ သို့သော် ကျွန်တော်ဖြတ်သန်းခဲ့သော သမိုင်း ပုံကားချပ်များကိုတော့ နောက်ခံကားအဖြစ် ကျွန်တော် ရေးဖွဲ့ခဲ့သည်။

၁၉၃၆ ကျောင်းသားသပိတ်၊ ၁၉၃၈–၃၉၊ ၁၃၀၀ ပြည့် အရေး

mgyoe.com

mgyoe.com


တော်ပုံ စသော အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများ၏ အရေးကြီးသော ကဏ္ဍများကိုကား ကျွန်တော် နောက်ခံကားအဖြစ် ဖော်ပြခဲ့သည်။

မိမိရုပ်ပုံကို မှန်ထဲတွင် ကြည့်ကာရေးရသော အတ္တရုပ်ပုံလွှာ ပန်းချီအဖွဲ့အနွဲ့တွင်ကား ကျွန်တော် မဖြစ်ခဲ့။ ပန်းချီဆိုသည်က ကြည့်သူ၏ ချက်ချင်းဝေဖန်ခြင်းကို ခံရမည် မဟုတ်လား။ စာကတော့ ဤကဲ့သို့ မဟုတ်။ သူများအကြောင်းရေးဖွဲ့သော ရုပ်ပုံလွှာများရေးဖွဲ့သောအခါ စာရေးသူ၏ အမြင်ခံစားမှုဖြင့် လွတ်လွတ်လပ်လပ် ရေးဖွဲ့နိုင်သည်ဖြစ်၍ သွက်လက် ချောမောသည်။

(ခ)

မိမိရုပ်ပုံကို မှန်ထဲတွင် ကြည့်၍ ရေးဖွဲ့ရာတွင် အခက်အခဲများ အနက် အခက်ဆုံးမှာ မျက်မှန်ပင် ဖြစ်သည်။ မျက်မှန်နှင့် မျက်လုံး အကွာအဝေး ဆက်စပ်မှုမှာ ကျွန်တော့်အတွက် အခက်အခဲရှိသည်။ ကျွန်တော် မျက်မှန်ကစ၍ ရေးသည်။ ထို့နောက်မှ ကျွန်တော်မျက်လုံးကို ထည့်သည်။ အနေအထား ကို စိတ်တိုင်းမကျ။ ထို့ကြောင့် ဆက်မရေး ဖြစ်ခြင်းမှာ ဤအရေးကြီးသော အကြောင်းတစ်ကြောင်းလည်း အပါ အဝင်ဖြစ်သည်။

ကျွန်တော် မဖြစ်။ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကို ရေးဖွဲ့သောအခါ တွင်ကား မိမိမှတ်မိသမျှ၊ မိမိစိတ်ကူးထဲတွင် ရှိသမျှ၊ အာရုံရိပ်များ ထင်နေသမျှကို ရေးချလိုက်ခြင်းသာ ဖြစ်သည်။

အခက်အခဲသိပ်မရှိလှ။ မည်သည့်အကွက်ကို ရေးခြယ်ရမည်ဟု ရွေးချယ်မှုကတော့ နည်းနည်းစဉ်းစားရသည်။

သို့သော် ကျွန်တော်က ကြာကြာမစဉ်းစားဘဲ ရင်ထဲတွင် လှုပ်ရှား လာသည့်မြင်ကွင်းကို ရေးဖွဲ့ဖြစ်သည်။ ကျွန်တော်ရေးသည့် ပုံကားချပ်

mgyoe.com

mgyoe.com


များတွင် ဂီတအကြောင်းလည်း ပါသည်။ ကျွန်တော်က ဂီတလောကသို့ ဝင်ရောက်သူမဟုတ်၍ သိပ်ရေးလေ့မရှိ။

တက္ကသိုလ်နေဝင်းကတော့ သူ၏အမြင်ကို ခြယ်ရေးထားသည်။

'ကိုဒွေးမြိုင်ဆိုတဲ့သူက စန္ဒရားတီးတာတောင် ကဗျာစာလုံးကလေးတွေ သီသလို လက်ကျအကွက်ကျကို သီကုံးပြီး တီးသလိုပဲ သူ့အကွက်ကလေးတွေက တယ်ပြီး စိပ်လည်းစိပ်၊ လှလည်းလှသဗျာ' ဟူ၍ တူရိယာနှင့် သီချင်းရေးဆရာ ကွယ်လွန်သူ ရွှေတိုင်ညွန့် တစ်ခါက ပြောဖူးလေသည်။ (၁၉၄၉)

သူများ၏အကြောင်းကို ရေးဖွဲ့ရာတွင် ရေးဖွဲ့စရာရှိသော်လည်း မိမိအကြောင်းကို ရေးခြယ်ရာ၌ ရွေးချယ်ရန်ခက်သည်။ မိမိကိုယ်ကို မိမိကောင်းစွာမသိဟု ထင်မိသည်။ တစ်ခါက ဆိတ်ဖလူးရန့်တွင် မိမိကိုယ်ကိုတွေ့ရှိခြင်း ဟူသောအမည်ဖြင့် ဝတ္ထုပြောက်ပြန်လည်တွေးတောချက်များကို ရေးဖွဲ့ဖြစ်သည်။ တကယ်ပင် တွေ့ရှိချက်ဖြစ်သည်။ နှစ်များစွာကြာမှ မိမိကိုယ်ကို တွေ့ရှိရခြင်း ဖြစ်သည်။ ဂီတနှင့်ပတ်သက်၍ ပြောသူမှာ နည်းသည်။

ပြောပြသူမှာလည်း ယေဘုယျသဘောသာ ပြောကြသည်။ သူတို့၏ခံစားချက်ကို ကောင်းစွာ မသိရှိခဲ့။ အနုပညာရှင်နှင့် ပရိသတ်ခံစားမှုချင်း ကွဲလွဲကြသည်များရှိသည်။ ကွဲလွဲသည်ဆိုခြင်းထက် မခံစားဟုဆိုကပို၍ မှန်မည်ထင်သည်။

တစ်ခါတစ်ရံ ကျွန်တော်တို့ကျကျနန စိတ်ပါလက်ပါ ဖွဲ့နွဲ့လိုက်သော အဖွဲ့အနွဲ့တစ်ခုကို ပရိသတ်က မခံစားကြ။ ထိုအခါ ဖွဲ့နွဲ့သူသည် အားလျော့ လာသည်။ မိမိမှန်းချက်နှင့် မကိုက်ဟု ဆိုလျှင်ဆိုနိုင်သည်။ လူ၏အကြိုက်ဆိုသည်မှာလည်း သိရန်အခက်သား။ လူ၏ခံစားမှုကို သိရန်လည်း ထို့အတူ ပင်။ ကျွန်တော်တို့မထင်ရသော အဖွဲ့အနွဲ့တစ်ခုကို

mgyoe.com

mgyoe.com


ပရိသတ်က နှစ်သက်ထိတွေ့သွားသည်ကိုလည်း အံ့သြစရာ တွေ့ထားရသည်။ စိတ်ထဲက မထင်။ သို့သော် သူတို့က ကျွန်တော်တို့မထင်သော အကွက်အဖွဲ့တစ်ခုကို ကြိုက်သွားသည်ကိုတွေ့ရသောအခါ အံ့သြရခြင်း ဖြစ်သည်။

ကျွန်တော်တို့ စန္ဒရားတီးသောအခါ လက်ကျလက်နကို အထူး ဂရုပြုသည်။ ကျွန်တော်စန္ဒရားခုံသို့ထိုင်စဉ် နည်းနည်းပါးပါး စမ်းတီးသည်။ မိမိလိုချင်သော အကွက်အတို့အထိများ မရသောအခါ ဆက် မတီး။ ချက်ချင်း ခုံမှထသည်။ စိမ်းနေသော စန္ဒရားခလုတ်၊ ကျွန်တော် လိုချင်သော အဖိအဖော့များ မရသော စန္ဒရားခလုတ်များနှင့် တွေ့လျှင် ကျွန်တော်တီးချင် စိတ်များ ကုန်ခန်းသွားတတ်သည်။

ဖော့ဖော့ကလေးတီးရမည့်နေရာကို တီးချင်သည်။ တစ်ခါတစ်ရံ သီချင်းအဆုံးသတ် တီးလုံးသံကို ခဏရပ်ပြီး လက်နှင့် တောက်လိုက်ချင် သည်။ စိတ်ကူးထဲတွင် ဘယ်လိုက ဘယ်လိုပေါ်လာသည် မသိလိုက်။ ယင်းသို့ ကျကျနနခံစားမှုဖြင့် တီးသည်ကို ပြောသူသိပ်မရှိ။ ဒီတော့ ပရိသတ်က ကျွန်တော့်အဖွဲ့အနွဲ့ကို မကြိုက်၊ သို့မဟုတ် ကျွန်တော့်အဖွဲ့ အနွဲ့ကို မခံစားဟု နားလည်နေမိသည်။

စာပေအဖွဲ့အနွဲ့တွင်လည်း ယင်းသဘောမျိုး တွေ့ရသည် ကျွန်တော် တို့ကြိုက်သောဝတ္ထုကို စာဖတ်သူက ကြိုက်ချင်မှ ကြိုက်မည်။ ကျွန်တော် တို့ သိပ်မကြိုက်သည်ကိုလည်း စာဖတ်ပရိသတ်ကကြိုက်သည်ကို တွေ့ရသည်။ သည်တော့ ဘယ်လိုလုပ်ပြီး ပရိသတ်၏အကြိုက်ကို နားလည်ရမည်လဲ။ ကျွန်တော့်အတွက်က ပုစ္ဆာ။

ပရိသတ်ဆိုသည်ကလည်း အရွယ်အမျိုးမျိုး၊ ရသခံစားမှု အမျိုးမျိုး။

mgyoe.com

mgyoe.com


(၈)

ပါရဂူက ကျွန်တော်၏ရုပ်ပုံလွှာကို ရေးဖွဲ့ရာတွင် ကျွန်တော် ပါဝင်ဆောင်ရွက်ခဲ့သော အဖွဲ့အစည်းများကို နောက်ခံထား၍ ခြယ်သသည်များလည်း ရှိသည်။ စာရေးဆရာအသင်း၊ စာရေးဆရာသမဂ္ဂ၊ ငြိမ်းချမ်းရေး လှုပ်ရှားမှုအဖွဲ့အစည်း၊ မြန်မာ–ဆိုဗီယက်ယဉ်ကျေးမှုနှင့် မိတ်ဆွေဖြစ် အသင်း စသည်စသည်။ သူနှင့်နီးကပ်စွာရှိသော စာရေးဆရာအသင်းအဖွဲ့လည်းပါသည်။ ငြိမ်းချမ်းရေးလှုပ်ရှားမှု၊ မြန်မာ–ဆိုဗီယက် ယဉ်ကျေးမှုအသင်းစသော ပြင်ပမှတွေ့ရသည့် ရုပ်ပုံလွှာဖြစ်သည်။

တကယ်ကတော့ ကျွန်တော်သည် အဖွဲ့အစည်းများနှင့် သင့်လျော်သော လူတစ်ယောက်မဟုတ်ဟု ကျွန်တော့်ကိုယ်ကျွန်တော် ထင်ထားသည်။ ကျွန်တော်က လိုက်လိုက်လျောလျောနေတတ်သူမဟုတ် အားနာတတ်သူလည်း မဟုတ်။

လူအချင်းချင်း ဆက်ဆံလျှင်တော့ အားနာမည်။ အဖွဲ့အစည်းနှင့် ဆက်ဆံရာတွင် ကျွန်တော်က သည်ကဲ့သို့မဟုတ်။ မှုကိုသာ ကြည့်တတ်သည်။

အချို့သိသူများလည်း ရှိသည်။ မသိသူများလည်း ရှိနိုင်သည်။ ကျွန်တော် ပါဝင်ဆောင်ရွက်သည့်အဖွဲ့အစည်းများတွင် အချို့သော အဖွဲ့ဝင်များနှင့် ထိပ်တိုက်ဖြစ်လေ့ရှိသည်။ ကျွန်တော့်စိတ်ကတော့ ထိပ်တိုက်လုပ်ချင်သည်မဟုတ်။

သို့သော် အများနှင့် ပတ်သက်သော ရေးရာများတွင်ကား ဘယ်လိုမှ ရှောင်လွှဲ၍မရ။ ထို့ကြောင့် ကျွန်တော်သည် အဖွဲ့အစည်းနှင့် မထိုက်ဟု ထင်ထားသည်။ ခက်သည်က ကျွန်တော်အဖွဲ့အစည်းများတွင် ပါဝင်လျှင် တာဝန်ခံနေရာများသို့ရောက်သွားတတ်သည်။

ဘယ်လိုကြောင့် ကျွန်တော့်ကို ဤနေရာများကို သူတို့က ရွေးချယ်

mgyoe.com

mgyoe.com


ကြသည်မသိ။ ကျွန်တော်ပင် အံ့သြသွားရသည်။ ကျွန်တော့်ကိုယ်ကျွန်တော် ပေါင်းသင်းဆက်ဆံရေးမကောင်းဟု ထင်ထားသည်။

ဆက်ဆံရေးမကောင်းသူကို ဘာကြောင့် ဤနေရာမျိုး၌ ထားသလဲကို ကောင်းစွာနားမလည်။ အဖွဲ့အစည်းဆိုရာတွင် ကျွန်တော်သည် နိုင်ငံရေးအာဏာရရှိရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းမျိုးတွင် ပါဝင်သူမဟုတ်။ စာပေယဉ်ကျေးမှု၊ မိတ်ဆွေဖြစ်ရေးရာ အဖွဲ့အစည်းများတွင်သာ ဆောင်ရွက်ခဲ့ဖူးခြင်း ဖြစ်သည်။

နိုင်ငံရေးအဖွဲ့အစည်းများတွင် နိုင်ငံရေးအာဏာအတွက် ဆောင်ရွက်သော နိုင်ငံရေးသမားများကလည်း ပါဝင်ရောယှက်နေသည်။

ဤတွင် ကျွန်တော်နှင့် ထိပ်တိုက်တွေ့ရသည်။ စာပေယဉ်ကျေးမှုအဖွဲ့များတွင်လည်း ကျွန်တော့်ကို ဆန့်ကျင်သည့်အဖွဲ့များနှင့် တွေ့နေရသည်။ ကျွန်တော်နှင့်ရင်းနှီးသော လူငယ်မိတ်ဆွေတစ်ယောက်က ကျွန်တော့်ကို ပြောဖူးသည်။

သည်လောက်အေးသည့်လူ ဆန့်ကျင်ဘက် အတိုက်အခံတွေနှင့် ဘာကြောင့် တွေ့နေရသလဲမသိဟု ပြောသည်။ ကျွန်တော်သည်လည်း မိမိကိုယ်ကိုယ်မိမိ ကောင်းကောင်းနားမလည်ခဲ့ပေ။

တစ်ခါက စာပေညီလာခံတစ်ခုသို့တက်ရောက်ရန် နိုင်ငံခြားတိုင်းပြည်တစ်ခုသို့ စာရေးဆရာကိုယ်စားလှယ်အဖွဲ့ဖြင့် လိုက်ပါခဲ့ဖူးသည်။ ယင်းကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်နှင့် ကျွန်တော်စကားများခဲ့ဖူးသည်။

နိုင်ငံခြားငွေလဲလှယ်ရေးနှင့်ပတ်သက်၍ ဘဏ်တစ်ခုသို့အတူသွားကြသည်။ ရောက်သောအခါ သူက ညီလာခံဆက်ကြေးပေးရန်ဟုဆိုကာ ပေါင်တစ်ရာထပ်၍ တောင်းသည်။ မန်နေဂျာကလည်း ခွင့်ပြုလိုက်သည်။ အမှန်က ဆက်ကြေး (ဝါ) ညီလာခံကြေးမပေးရ ဆုံးဖြတ်ပြီးသား

mgyoe.com

mgyoe.com


ဖြစ်သည်။ ကျွန်တော်တို့အားလုံး သိပြီးသားဖြစ်နေကြသည်။ စကားများကြသည်။

ကိုယ်စားလှယ်အဖြစ်ပင် မလိုက်ပါတော့ဟု ဆုံးဖြတ်ခါနီး ဖြစ်နေသည်။ သို့သော် မတတ်နိုင်။ ပြန်ရောက်သောအခါ ယင်းကိစ္စကိုအသင်းတွင် တင်ပြလိုက်သည်။ တကယ်က ငြိမ်နေလျှင် ပြီးသည်။ ကျွန်တော်သည် ငြိမ်၍နေမရ။ သူလည်း အစည်းအဝေးတွင် ဝန်ခံသွားခဲ့ရသည်။ ခေါင်းဆောင်လုပ်သူများ ငွေရေးကြေးရေးတွင် စိတ်မချရလျှင် တိုင်းပြည်ကို ယင်းကဲ့သို့ သူမျိုး လက်ထဲသို့အပ်၍ ဖြစ်ပါမည်လဲဟု စဉ်းစားသည်။

ထို့ကြောင့်ပင် အမုန်းခံပြီး အမှုဆောင်အဖွဲ့တွင် တင်ပြလိုက်ခြင်းဖြစ်သည်။

တစ်ခါက ချစ်ကြည်ရေးအဖြစ် နိုင်ငံတစ်နိုင်ငံသို့သွားသောအခါ ယင်းနိုင်ငံ၏သံအမတ်ကြီးက ကျွန်တော်တို့ကိုယ်စားလှယ်အဖွဲ့လမ်းတွင် သုံးရန်ဟု အပိုနိုင်ငံခြားငွေများ ထည့်ပေးလိုက်သည်။ လမ်းတွင် တကယ်က ဘာမျှ သုံးစရာမရှိ။ ကျွန်တော်က ပြန်ရောက်လျှင် သံရုံးသို့ ယင်းငွေများကို ပြန်အပ်ရန် အဖွဲ့အစည်းအဝေးတွင် ပြောသည်။ တကယ်က ငြိမ်နေလျှင်ရသည်။ ကျွန်တော်က ငြိမ်နေသည့်သူမဟုတ်။

ရွှေဝတ်မှုန်၊ ၃/၉၊ ဖေဖော်ဝါရီ၊ ၁၉၉၃။

□

mgyoe.com

mgyoe.com

# ရုပ်ပုံလွှာခြယ်သခြင်း (၄)

(က)

ကျောင်းသားဘဝက နောင်ခေါင်းဆောင်များဖြစ်သွားကြမည့် လုပ်ဖော်ကိုင်ဖက် ကျောင်းသားသမဂ္ဂခေါင်းဆောင် မိတ်ဆွေများနှင့် ခင်မင်ရင်းနှီးသော်လည်း ကျွန်တော်သည် နိုင်ငံရေးသမားဖြစ်မသွားခဲ့ပေ။ ဖြစ်မသွားရန်လည်း ကျွန်တော့်စည်းနှင့် ကျွန်တော်နေခဲ့သည်။

သို့သော် နိုင်ငံရေး မဟုတ်သော အဖွဲ့အစည်းများတွင်တော့ ကျွန်တော် ပါဝင်ဆောင်ရွက်ခဲ့ရာတွင် သဘောချင်းမတိုက်ဆိုင်မှုများ တွေ့ခဲ့ရသည်။

ထို့ကြောင့်ပင် ကျွန်တော်သည် နိုင်ငံရေးသမား မဖြစ်နိုင်ဟု အတွင်းစိတ်က ထင်ထားခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုအဖွဲ့ အစည်းတွင် ပါဝင်ဆောင်ရွက်နေစဉ် ၁၉၅၆၊ ဟန်ဂေရီ အရေးအခင်းဖြစ် သောအခါ ကျွန်တော်သည် အဖွဲ့ဝင်များနှင့် သဘောချင်း မတိုက်ဆိုင်ခဲ့။ ကျွန်တော်သည် ဟန်ဂေရီပြည်တွင်းသို့ ဆိုဗီယက်တပ်များ ဝင်ရောက် စွက်ဖက်ခြင်းကို မကြိုက်။

ဆိုဗီယက်စစ်တပ်များ ဟန်ဂေရီပြည်မှထွက်သွားရမည်ဟု

mgyoe.com

mgyoe.com



ကျွန်တော်က အစည်းအဝေးတွင် ပြောခဲ့သည်။ ယင်းဟန်ဂေရီအရေးမှာ တစ်ကမ္ဘာလုံးထိ ရိုက်ခတ်သော အရေးဖြစ်၍ ကမ္ဘာငြိမ်းချမ်းရေးကောင်စီ အစည်းအဝေးတွင်ပင် သဘောထားကွဲလွဲခဲ့သည်။

ယင်းကမ္ဘာငြိမ်းချမ်းရေးကောင်စီ အစည်းအဝေးက ဆိုဗီယက် အစိုးရနှင့် သဘောတူညီချက်အရ ဆိုဗီယက်တပ်များ ဟန်ဂေရီမှ ထွက်ခွာသွားရမည်ဟူသော သဘောဆုံးဖြတ်ခဲ့သည်။ ကျွန်တော်နှင့် တူသည်။ အစိုးရနှစ်ခုသဘောတူညီချက်ဟူသော အပိုဒ်သာလျှင် ကျွန်တော်နှင့် ခြားနားသည်။ ထို့ကြောင့် ကျွန်တော်မှန်ကန်သည်ဟုပင် ယုံကြည်လျက် ရှိနေသည်။

မြန်မာ–ဆိုဗီယက် မိတ်ဆွေဖြစ်အသင်းတွင်လည်း တချို့ကိစ္စများ ကို ကျွန်တော်သဘောမတူသည်လည်း ရှိသည်။ ၁၉၇၂ က ထင်သည်။ မြန်မာ–ဆိုဗီယက် မိတ်ဆွေဖြစ်အသင်းက ကြီးမှူးသော အောက်တိုဘာ တော်လှန်ရေးနေ့ ကြိုဆိုသော အခမ်းအနားကို ရာမာကရစ်ရှနာခန်းမ တွင် ကျင်းပသည်။ ပါရဂူနှင့် ကျွန်တော် အတူသွားရောက်ခဲ့ကြသည်။

ယင်းအစည်းအဝေး အခမ်းအနားတွင် ဆိုဗီယက်သံအမတ်ကြီး က နာမည်မဖော်ဘဲ တရုတ်ကိုပုတ်ခတ်သောစကားပြောသည်။ ကျွန်တော် မကြိုက်။ ကျွန်တော်စိတ်လှုပ်ရှားနေသည်။ ကျွန်တော့်အနီး တွင်ထိုင်နေသောပါရဂူအား အစည်းအဝေးခန်းမှထွက်သွားရင် ကောင်း မည်လားဟု မေးမိသည်။ သို့သော် အစည်းအဝေးခန်းမမှ ထွက်မသွား ဖြစ်ခဲ့မိ။

ကျွန်တော်က မိတ်ဆွေဖြစ်အသင်း စင်မြင့်မှနေ၍ တရုတ်ကို ပုတ်ခတ်သော စကားရပ်များမပြောသင့်ဟု ထင်မိသည်။ ထို့ကြောင့်ပင် ယင်းကိစ္စနှင့်ပတ်သက်သည့် ကန့်ကွက်စာကို အသင်းအမှုဆောင်အဖွဲ့ နှင့် သံအမတ်ကြီးအား ပေးပို့ခဲ့သည်။ ထို့နောက်တွင် ကျွန်တော့်အား

mgyoe.com

mgyoe.com


သံရုံးဧည့်ခံပွဲများတွင် မဖိတ်။ ထိုအခါက ကျွန်တော်သည် ယင်းအသင်း၏ဒုတိယဥက္ကဋ္ဌ ဖြစ်သည်။

နောက်တစ်ကြိမ်တွင်ကား မြန်မာ–ကိုရီးယား မိတ်ဆွေဖြစ်အသင်းတွင် ဖြစ်သည်။ အခမ်းအနား အစည်းအဝေးတစ်ခုကျင်းပရာတွင် ဖတ်ရမည်ဖြစ်သော ကြေညာချက်နှင့်ပတ်သက်၍ ကျွန်တော်နှင့် သဘောထားကွဲလွဲခဲ့သည်။ ထိုအသင်းတွင် ကျွန်တော်သည် ဒုတိယဥက္ကဋ္ဌဖြစ်၍ ယင်းကြေညာချက်ကို အဖွဲ့ဝင်တစ်ယောက်က လာပြသည်။ ကျွန်တော် စိစစ်အတည်ပြုရန် ဖတ်လိုက်သောအခါ ကျွန်တော်မကြိုက်သော စာကြောင်းများကို ဖျက်ပစ်လိုက်သည်။

ယင်းအထဲတွင် ကိုရီးယားသမ္မတကင်အီဆွန်းကို မဟာခေါင်းဆောင်ကြီးအဖြစ် ဖော်ပြထားသည်။ စာတစ်ပုဒ်ကိုတော့ မမှတ်မိတော့။ သို့သော် ကိုရီးယား၏အခန်းကဏ္ဍတစ်ခုနှင့် ပတ်သက်၍ လွန်လွန်ကဲကဲ ရေးထားချက်ဖြစ်သည်။ ကင်အီဆွန်းသည် မြောက်ကိုရီးယားခေါင်းဆောင် ဖြစ်သည်။ သို့သော် ကျွန်တော်တို့၏ ခေါင်းဆောင်ဖြစ်ချင်မှ ဖြစ်မည်။ ထို့ကြောင့် ထည့်သွင်းရန်မလိုဟု ကျွန်တော်က ပယ်ဖျက်ခြင်းဖြစ်သည်။ ထိုအခါ ပြဿနာဖြစ်ရသည်။ သံအမတ်ကြီးက ယင်းပယ်ဖျက်လိုက်သော အပုဒ်များကို တော်တော်ပင် မကြိုက်နိုင်ဖြစ်နေသည်။

လွတ်လပ်သော နိုင်ငံတော်များတွင် အချုပ်အခြာပိုင်မှုသည် ပြည်သူတိုင်းတွင် ရှိသည်ဟု ကျွန်တော်က ယုံကြည်နေသည်။ ထို့ကြောင့် ကျွန်တော်၏အယူအဆကို တင်ပြကာ ကန့်ကွက်သော စာတစ်စောင်ကို တင်ခဲ့သည်။

ထို့နောက် အမှုဆောင်များနှင့် သံအမတ်ကြီးတို့ တွေ့ဆုံပွဲလုပ်ကာ တစ်ဖက်နှင့်တစ်ဖက် နားလည်အောင်ပြောဆိုကြခြင်းဖြင့် တစ်စိတ်

mgyoe.com

mgyoe.com


တစ်ပိုင်း ပြေလည်သွားသည်ကို မှတ်မိနေသေးသည်။

မြန်မာ–ကိုရီးယားမိတ်ဆွေဖြစ်အသင်းဆိုသည်မှာ မြောက်ကိုရီးယားနှင့် ဆက်သွယ်ဖွဲ့စည်းထားသော အသင်းဖြစ်သည်။ ၁၉၈၃ တွင် မြန်မာနိုင်ငံအစိုးရနှင့် သံတမန်အဆက်အသွယ်ဖြတ်ပြီးသောအခါ ကျွန်တော့်အား တောင်ကိုရီးယားသံရုံးမှ စစ်သံမှူးက ထမင်းဖိတ်ကျွေးသည်။ ကျွန်တော် လက်ခံခဲ့သည်။ ကျွန်တော်က မြန်မာ–ကိုရီးယားမိတ်ဆွေဖြစ်ဆိုသည်မှာ တောင်နှင့်မြောက် ခွဲခြားသည်မဟုတ်။ ကိုရီးယားပြည်သူတို့နှင့် မြန်မာပြည်သူတို့ဆက်သွယ်ကာ ချစ်ခင်ရေးဖြစ်၍ သူ၏ဖိတ်ကြားချက်ကို လက်ခံသည်ဟု ယင်းစစ်သံမှူးအားတွေ့သောအခါ ပြောကြားခဲ့သည်။

မိတ်ဆွေအသင်းများ၏ ရည်ရွယ်ချက်မှာ ပြည်သူအချင်းချင်း ချစ်ခင်ရင်းနှီးရေး၊ တစ်ဖက်နှင့်တစ်ဖက် နားလည်သိရှိမှုဖြစ်ရေး ဖြစ်၍ ကျွန်တော်သည် ဂိုဏ်းဂဏစွဲသဘောမထားခဲ့ပေ။

အချို့ကတော့ ကျွန်တော် တောင်ကိုရီးယား စစ်သံမှူးနှင့် တွေ့ဆုံသည်ကို နားလည်ချင်မှ နားလည်မည်။ ကြိုက်ချင်မှကြိုက်မည်။ ယင်းတို့သည်ကား အဖွဲ့အစည်း၏အတွင်းရေးဖြစ်၍ ပြင်ပက ကောင်းစွာသိကြမည် မထင်ပေ။

(ခ)

ယင်းသို့သော သဘောထားရှိသော၊ မယုံကြည်လျှင် မယုံကြည်သလိုကန့်ကွက်လိုသူသည် အဖွဲ့အစည်းများနှင့်မသင့်လျော်ဟု ကျွန်တော့်ကိုယ်ကျွန်တော် သုံးသပ်မိပေသည်။

သို့သော်လည်း မလွှဲမရှောင်သာသောအဖွဲ့အစည်းများတွင် ကျွန်တော်ပါဝင်ခဲ့ရသည်။ ယင်းသို့သော အဖြစ်အပျက်များကို ပါရဂူ

mgyoe.com

mgyoe.com


အပြင်မှနေ၍ ကြားနေဟန်တူသည်။ ထို့ကြောင့်ပင် ကျွန်တော်၏ရုပ်ပုံလွှာကိုခြယ်သောအခါ ကျွန်တော်၏အဖြစ်အပျက်များကိုတွေ့၍ ဖော်ပြလိုက်ခြင်း ဖြစ်မည်။ ခက်သည်က ကျွန်တော်ကလည်း အဖွဲ့အစည်းများဖွဲ့စည်းလျှင် စိတ်ဝင်စားတတ်သည်။

ကျွန်တော်နှင့်ဆက်စပ်နေလျှင် အမှုဆောင်အဖွဲ့တွင် ပါသည့်အခါ ပါတတ်သည်။ တစ်ခါက အနှစ် ၄၀ ခန့်က ဖြစ်မည်။ ဒီမိုကရေစီအခွင့်အရေးကာကွယ်မှု ကော်မတီဖွဲ့ရန် ဖိတ်သော အစည်းအဝေးသို့ ကျွန်တော် ရောက်သွားသည်။ ကျွန်တော်က သိချင်၍ ရောက်သွားခြင်းဖြစ်သည်။

သို့သော် သူတို့က ကျွန်တော့်ကို ဒုတိယဥက္ကဋ္ဌလုပ်ရန် အဆိုတင်ကြသည်။ ကျွန်တော်က လက်မခံခဲ့။

ယင်းအဖွဲ့အသင်းသည် နိုင်ငံရေးလုပ်ရပ်ဖြစ်၍ ကျွန်တော် လက်မခံခဲ့ခြင်းဖြစ်သည်။ သို့သော် အဖွဲ့အစည်းများတွင် ပါဝင်ရန်ပြောသော်လည်း ကျွန်တော်သည် ပါဝင်ရန် မသင့်ဟု ယုံကြည်လျှင် မပါဝင်တော့ပေ။

ယင်းအဖွဲ့အစည်းများတွင် မိတ်ဆွေရင်းများက ပြောကြားကြခြင်းဖြစ်သည်။ တစ်ခါတစ်ရံ မိမိကိုယ်ပင်မိမိ နားမလည်နိုင်အောင် ဖြစ်မိသည်။ ကျွန်တော်က အိမ်တွင်းအောင်း၍ မနေတတ်။ ပြင်ပလှုပ်ရှားမှုများကို အင်မတန်သိချင်နေသည်။ ကိုယ်တိုင်ထိတွေ့လိုက်ချင်သည်။ ထို့ကြောင့် လူထုအစည်းအဝေးများကို သွားရောက်လေ့ရှိသည်။ ပရိသတ်၏နောက်နားက နေတတ်သည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် နားမလည်ကြ။ နားမလည်နိုင်ခြင်းကိုလည်း အပြစ်တင်၍မဖြစ်။ အချို့သော ပြဿနာရပ်ကြီးများမှာ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ယောက်နှင့်တစ်ယောက် နားမလည် ကြ၍

mgyoe.com

mgyoe.com


ဖြစ်ကြခြင်းဖြစ်သည်ဟု ကျွန်တော်က နားလည်သည်။ ဝေးဝေးမပြောနှင့်၊ မိမိကိုယ်ပင် နားလည်အောင် ကြိုးစားကြည့်ရန် မလွယ်။

(၈)

တကယ်ကတော့ ကျွန်တော်သည် လူအကြောင်းကိုမသိဟု မိမိကိုယ်ကိုထင်ထားခဲ့သူဖြစ်သည်ဟု နားလည်ထားသည်။ ထို့ကြောင့် အမျိုးသမီးများအကြောင်းကို သာ၍မသိ။ မိမိကို ချစ်သည် မချစ်သည် ကိုပင် မသိ။ သို့သော် လူအကြောင်း ဖွဲ့နွဲ့သော ရုပ်ပုံလွှာဖွဲ့သောအခါ ဘာကြောင့်ရေးဖြစ်သွားသည်ကိုပင် မိမိကိုယ်ကိုယ်မိမိ နားမလည်နိုင်ပေ။

၁၉၄၆ ဒီဇင်ဘာလကထွက်သော တာရာမဂ္ဂဇင်း အမှတ် ၁ တွင် ကိုအောင်ဆန်း၏ရုပ်ပုံကို ခြယ်သခဲ့သည်။ ကျွန်တော်က လူ အကြောင်း ဖွဲ့နွဲ့သော အတ္ထုပ္ပတ္တိကို စိတ်ဝင်စားသူဖြစ်သည်။ ထို့ကြောင့် မဂ္ဂဇင်းတွင် အတ္ထုပ္ပတ္တိအဖွဲ့အနွဲ့ကို ထည့်ချင်သည်။ ရေးပို့သူကမရှိ။ သို့ဖြစ်၍ ကျွန်တော်ကိုယ်တိုင် ကြဲလိုက်ရခြင်း ဖြစ်သည်။

အောင်ဆန်း (သို့) အရိုင်း အဖွဲ့အနွဲ့တွင် ဒုတိယခေါင်းစဉ်မှာ လူကို လေ့လာခြင်း ဖြစ်သည်။

မည်သူ့အကြောင်းကို ရေးရပါမည်လဲဟု စားပွဲတွင် ထိုင်လိုက်သောအခါ ကိုအောင်ဆန်း၏ရုပ်ပုံကားချပ်သည် စိတ်ကူးထဲတွင် ပေါ်လာသည်။ ခံစားလာသည်။ သို့နှင့် ကျွန်တော်သည် ကိုအောင်ဆန်း၏ရုပ်ပုံလွှာကို ရေးဖွဲ့လိုက်သည်။

စာဖတ်ပရိသတ် မိတ်ဆွေများက ယင်းအဖွဲ့အနွဲ့ကို စိတ်ဝင်စားသွားကြပုံရသည်။ ကျွန်တော်လည်း အားတက်ကာ ရုပ်ပုံလွှာကားချပ်များကို ဆက်ရေးဖြစ်သွားသည်။

ကျောင်းသားဘဝက ခင်မင်ရင်းနှီးခဲ့သော မိတ်ဆွေများ၏ရုပ်ပုံ

mgyoe.com

mgyoe.com


ကားချပ်များကို ကျွန်တော် ခြယ်သဖြစ်သည်။

ကိုဗဟိန်း၊ ကိုဗဆွေ ထို့နောက် သခင်နု၊ သခင်တင်မောင်၊ သခင်သန်းထွန်း။

ကျွန်တော်က အစီအစဉ်ချ၍ အချက်အလက်များစုဆောင်း၍ ရေးဖွဲ့သူမဟုတ်။ ပန်းချီရေးသကဲ့သို့ပင် ရေးဖွဲ့သည်။ စားပွဲတွင် ထိုင်လိုက်သောအခါ ယင်းရေးရမည့်ပုဂ္ဂိုလ်များနှင့် ကျွန်တော်၏အထိအတွေ့ပေါ်လာသည်။ ခံစားမှုများပေါ်လာသည်။

သူတို့၏နောက်ခံနိုင်ငံရေး လှုပ်ရှားမှုများကို နောက်ခံကားအဖြစ် မြင်ကာ သူတို့၏ရုပ်ပုံကားချပ်များ၊ စိတ်ကူးရုပ်ပုံကားများသည် ပေါ်လာသည်။ ယင်းပေါ်လာသည့် စိတ်ကူးအတိုင်း ကျွန်တော်သည် ချရေးလိုက်ခြင်းများ ဖြစ်သည်။

တစ်ပြည်လုံး၊ တစ်ရပ်လုံးက ကိုအောင်ဆန်းအား ကြည်ညိုလေးစားနေသော နိုင်ငံရေးလှုပ်ရှားမှုကားကို မြင်မိကာ ထိုခေတ်တွင် ရေးချလိုက်သည်။ အခြားသူများလည်း ထို့အတူပင် ဖြစ်သည်။ ဗန်းမော်တင်အောင်ကို ကျွန်တော် ပုလိပ်ရုံးကြီးရှိ တရားရုံးအောက်သို့သွားကာ သူနှင့်တွေ့ဆုံပြီး အပြန်တွင် ကျွန်တော် စိတ်လှုပ်ရှားပြီး ပြန်အလာတွင် နရသိန်အကျဉ်းသမားဟူသော ခေါင်းစဉ်ဖြင့် သူ့အကြောင်းကို ရေးဖွဲ့ဖြစ်သည်။

သခင်တင်မောင်ကို သတိရလာသောအခါ သူ့အကြောင်းကို ရေးမိသည်။ ပန်းချီဆရာ ဦးအုန်းလွင်၊ ဦးဘသန်း၊ ရဲထွတ်၊ မဟာဆွေ တို့၏ ပုံကားချပ်များကိုလည်း ယင်းအတိုင်းပင် ရေးလိုက်သည်။

တစ်ခါက ရှမ်းပြည်နယ်သို့အလည်သွားရာမှပြန်လာပြီး သုံးလခန့် ကြာသောအခါ ကျွန်တော် ရောက်ခဲ့ဖူးသော မဲနယ်တောင်ရှိ စံဖူးရွာ၏ပုံကားချပ်ကို ရေးဖွဲ့လိုက်သည်။ အလွတ်ရေးဖွဲ့လိုက်သည်။

စိတ်ကူးထဲတွင် ပေါ်လာ၍ ရေးချခြင်းဖြစ်သည်။ နောင်စံဖူးရွာသို့

mgyoe.com

mgyoe.com


ရောက်ဖူးသော မိတ်ဆွေများက ကျွန်တော့်ပုံကားကိုကြည့်ပြီး ဒါစံဖူးပဲဟု ပြောလျှင် ကျွန်တော် ကျေနပ်ရသည်။ စံဖူးရွာကို ကျွန်တော်က ဓာတ်ပုံကဲ့သို့ ရေးသူမဟုတ်။ ကျွန်တော်၏ စိတ်ထင်ချက် (Impressionism) ဖြင့် ရေးခြင်း ဖြစ်သည်။

ရုပ်ပုံလွှာလည်း ယင်းသဘောပင် ဖြစ်သည်။ ပန်းချီသဘောဖြင့် ပြောလျှင် စိတ်ထင်ချက် အဖွဲ့အနွဲ့ပင်။ စံဖူးရွာမှ သွပ်မိုးအိမ်များကို ဆေးအဖြူဖြင့် တို့ရုံမျှသာ တို့လိုက်ခြင်းဖြစ်သည်။ ပါရဂူသည်လည်း ကျွန်တော့်မွေးနေ့မှ ပြန်အလာ ကျွန်တော့်၏ ရုပ်ပုံလွှာကို ဖွဲ့သည်။ သူ့မှတ်ဉာဏ်တွင် ထင်လာသမျှ ပုံကားချပ်များကို စီကာရီကာ ဖွဲ့ဟန်တူသည်။

ရုပ်ပုံလွှာ၊ ပုံတူရုပ်ပုံလွှာဆိုသည်ကား တစ်ယောက်နှင့်တစ်ယောက် အမြင်ချင်း ထပ်တူရှိချင်မှရှိမည်။ တစ်ယောက်လျှင် အမြင်တစ်မျိုး ဖြစ်နိုင်သည်။ ကျွန်တော်နှင့် ထိတွေ့ဖူးသူက ကျွန်တော့်ကို ရုပ်ဆိုးသောသူတစ်ယောက်အဖြစ် မြင်ချင်လည်း မြင်မည်။

ကိစ္စမရှိ။ မတတ်နိုင်။ အရုပ်ဆိုးတာလည်း ရှိနိုင်သည်။ ကျွန်တော်ကိုယ်တိုင်ပင် ကျွန်တော့်ကိုယ်ကိုမသိ။ တစ်ခါကတော့ ဆိတ်ဖလူး ရန့်တွင် မိမိကိုယ်ကိုမိမိ တွေ့ရှိခြင်းဟူသော ဝတ္ထုရေးဖွဲ့ခဲ့သည်။

မိမိကိုယ်ကို တွေ့ရှိခြင်းဟူသော ခေါင်းစဉ်ဖြင့် ခြယ်သလိုက်သည်။

မည်သည့်ရုပ်ပုံလွှာသည် အတူဆုံးလဲ။ ရှေ့တည့်တည့်က ကြည့်မည်လော၊ ဘေးကကြည့်မည်လော၊ နောက်က ကြည့်မည်လော၊ အနီးကြည့်မည်လော၊ အဝေးကကြည့်မည်လော။

ရွှေဝတ်မှုန်၊ ၃/၁၀၊ မတ်၊ ၁၉၉၃။

❒

mgyoe.com

mgyoe.com

# ရုပ်ပုံလွှာအဖွဲ့အနွဲ့

(က)

ကျွန်တော်သည် တာရာမဂ္ဂဇင်း အမှတ်–၁ (ဒီဇင်ဘာလ၊ ၁၉၄၆) တွင် အောင်ဆန်း သို့မဟုတ် အရိုင်းဟူသော ဆောင်းပါးကို ရေးခဲ့ပါသည်။ ယင်းဆောင်းပါး၏ခေါင်းစဉ်ငယ်အဖြစ် လူကိုလေ့လာခြင်းဟု ပေးခဲ့သည်။ ထိုအခါက ကျွန်တော်သည် တာရာမဂ္ဂဇင်း အယ်ဒီတာအဖြစ် မဂ္ဂဇင်းတွင်ပါသော စာများကို ခေါင်းစဉ်ငယ်ပေးလေ့ရှိပါသည်။ စာရေးဆရာ၏အတွေးအခေါ်၊ စိတ်ကူးစိတ်သန်း၊ ရသခံစားမှုအလိုက် ပေးခြင်းဖြစ်သည်။ မာတိကာစဉ်သောအခါ ဆားကခေါင်းစဉ်တပ်သည်။ ဘဝ၏အဆုံး၊ စိတ်လှုပ်ရှားမှု၊ စိတ္တဗေဒစသည်ဖြင့် တပ်ပေးသည်။

အောင်ဆန်း သို့မဟုတ် အရိုင်း၏ခေါင်းစဉ်ငယ်အပြင် လူကိုလေ့လာခြင်းဟု ပေးခဲ့ပါသည်။

နောက်လများတွင် လူကိုလေ့လာခြင်း ဆောင်းပါးများ ဆက်လက်ရေးဖြစ်သွားပါသည်။ ကိုဗဟိန်း၊ သခင်နု၊ သခင်သန်းထွန်း၊ ဒေါက်တာလှရွှေ၊ သိန်းဖေမြင့်၊ သခင်တင်မောင်၊ ကိုဘဆွေ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းစသော နိုင်ငံရေးခေါင်းဆောင်များ၊ စောင်း

mgyoe.com

mgyoe.com


ဦးဘသန်း၊ ပန်းချီ ဆရာ ဦးအုန်းလွင်၊ မဟာဆွေ၊ ရဲထွတ်၊ ဂျာနယ်ကျော် မမလေး၊ ဗန်းမော်တင်အောင်စသော စာပေအနုပညာရှင်များအကြောင်း ဖွဲ့နွဲ့ခဲ့ပါသည်။ ယင်းလူကို လေ့လာခြင်းဆောင်းပါးများကို စုပေါင်းကာ ၁၉၅၅ က "ရုပ်ပုံလွှာ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။ ၁၉၆၃ တွင် ဒုတိယအကြိမ် ပုံနှိပ် ထုတ်ဝေခဲ့သည့် လူကိုလေ့လာခြင်း သို့မဟုတ် ရုပ်ပုံလွှာတစ်ခုခုပေးမည်ဟု စိတ်ကူးရသည်။

စာအုပ်ထုတ်ဝေရန် နာမည်စဉ်းစားသောအခါ လူကိုလေ့လာခြင်း ဟု ကျွန်တော်ကပေးချင်သည်။ ယင်းစာအုပ် အမှာစာရေးပေးသူ ဆရာ ဇော်ဂျီက လူကိုလေ့လာခြင်းအမည်ကို သိပ်မကြိုက်။ ဒုတိယအမည်ဖြစ်သော "ရုပ်ပုံလွှာ" ကို ဆရာက ကြိုက်သည်။ ကျွန်တော်လည်း ဆရာ ဇော်ဂျီ ရွေးချယ်သော ရုပ်ပုံလွှာအမည်ဖြင့် ထုတ်ရန် ဆုံးဖြတ်လိုက်သည်။

၁၉၃၉–၄၀ လောက်က ကျွန်တော်သည် စနေနဂါးနီဂျာနယ်တွင် ရုပ်ပုံလွှာအမည်ဖြင့် ဝတ္ထုတိုတစ်ပုဒ်ရေးခဲ့ဖူးသည်။ ဝတ္ထုမှာ စိတ်ကူးယဉ် အချစ်ဝတ္ထုကလေးဖြစ်သည်။ ကျွန်တော့်စိတ်ထဲက ယင်းရုပ်ပုံလွှာဟူသော စကားလုံးသည် ခံ့ညားခြင်းမရှိဟု ထင်နေခဲ့သည်။ စာအုပ်ထွက် သွားပြီးသောအခါမှ ရုပ်ပုံလွှာဟူသော အမည်ကိုကြိုက်သွားသည်။

ယခု ရုပ်ပုံလွှာအဖွဲ့အနွဲ့ဟု သုံးလိုက်ခြင်းမှာ ရုပ်ပုံလွှာ (လူကို လေ့လာခြင်း) ဆောင်းပါးအရေးအသား စာပုံစံမျိုးကို အမည်ပေးလိုက် ခြင်းပင် ဖြစ်သည်။

လွန်ခဲ့သော ၃ နှစ်ခန့်က ကျွန်တော်သည် မိမိရေးသားလာခဲ့ သော စကားပြေစာပေများ၊ ပြန်လည်သုံးသပ်ချက်များ ဖော်ပြခဲ့သည်။ ယင်းစကားပြေများကို ဝတ္ထု၊ အမှတ်တရ ကိုယ်တွေ့မှတ်တမ်း၊ အတ္ထုပ္ပတ္တိ အရေးအသား သို့မဟုတ် ရုပ်ပုံလွှာအဖွဲ့အနွဲ့၊ ခရီးသွားမှတ်တမ်း၊ စာပေ ဝေဖန်ရေး စသည်ဖြင့် စကားပြေစာပေပုံသဏ္ဌာန်များအလိုက် တစ်ကဏ္ဍ

mgyoe.com

mgyoe.com


စိဖော်ပြသွားရန် ရည်ရွယ်ထားခဲ့သည်။ စာဖတ်သူ အကြိုက်များသော စာပေကဏ္ဍအလိုက် ရေးသွားမည်ဟု ဆုံးဖြတ်ထားသည်။ ကျွန်တော်သည် လက်လှမ်းမီသလို စာဖတ်သူများနှင့် တွေ့ဆုံဆွေးနွေးမေးမြန်းကြည့်ရာတွင် စာပေဝေဖန်ရေးကို ပထမ၊ ရုပ်ပုံလွှာအဖွဲ့အနွဲ့တို့ကို ဒုတိယစသည်ဖြင့် တွေ့ရှိရသည်။ ထိုကြောင့်ပင် စာပေ ဝေဖန်ရေးကဏ္ဍကစ၍ ဖော်ပြလာခဲ့ခြင်းဖြစ်သည်။ ခေတ်ကာလကိုလည်း ကျွန်တော်ဖြတ်သန်းလာခဲ့ရသော သမိုင်းခေတ်အစဉ်လိုက် ဖော်ပြသွားမည်ဟု စိတ်ကူးထားခဲ့သည်။ သို့သော် တကယ်ရေးချလိုက်သောအခါမဖြစ်။ ခေတ်အစဉ်လိုက်မဖြစ်၊ ကဏ္ဍအစဉ်လိုက်မဖြစ်၊ အကြောင်းအမျိုးမျိုးကြောင့် စာပေကဏ္ဍများကိုလည်း အစဉ်လိုက်မဟုတ်တော့ဘဲ ခုန်ကျော်ဖြတ်ပိုင်းကာ အလျဉ်းသင့်သလို ဖော်ပြသွားရပါသည်။

ယခု ရုပ်ပုံလွှာအဖွဲ့အနွဲ့နှင့် မိတ်ဆက်ကြရအောင်။

## (ခ)

ရုပ်ပုံလွှာအဖွဲ့အနွဲ့။ အောင်ဆန်း သို့မဟုတ် အရိုင်းကစတင်သည်ဟု စာဖတ်သူတို့က နားလည်နေကြသည်။ သူတို့နားလည်ချက် မမှားပါ။

တာရာမဂ္ဂဇင်းထုတ်ဝေမည်ဟု စဉ်းစားလိုက်သောအခါ လူပုဂ္ဂိုလ်အကြောင်း ဖွဲ့နွဲ့ရေးသားသော စာပေမျိုးတစ်ကဏ္ဍအဖြစ် ပါဝင်စေလိုသော ဆန္ဒပေါ်လာသည်။ ကျွန်တော်ကျောင်းသားဘဝကတည်းက ထင်ရှားသောသမိုင်းဝင် လူပုဂ္ဂိုလ်များအကြောင်း အတ္ထုပ္ပတ္တိစာပေအဖွဲ့အနွဲ့မျိုးကို စိတ်ဝင်စားမိသည်။ အဖွဲ့အနွဲ့နှစ်သက်လျှင် စွဲလမ်းခဲ့သည်။

ကျောင်းသားဘဝက ဥပစာတန်းတွင် သင်ရသော 'ဝိတိုရိယခေတ်ကျော်ကြားသူများ' စာအုပ်ကို စိတ်ဝင်စားမိသည်။ ဝင်စတန်ချာချီ

mgyoe.com

mgyoe.com



၏ "ကျွန်ုပ်၏ခေတ်ပြိုင်များ" စာအုပ်မှ "လီနင်" ဆောင်းပါးကို နှစ်သက်မိသည်။

အတ္ထုပ္ပတ္တိစာပေများကို ရှာဖွေဖတ်စပြုလာပေပြီ။ ပြင်သစ်စာရေးဆရာ အွန်ဒရေမော်ရိုင်း၏ ဒစ္စရေလီ၊ ကဗျာဆရာရှယ်လီအကြောင်း ရေးထားသော လေနတ်သားစသော စာအုပ်များကို နှစ်သက်မိသည်။ သူ့အရေးအသားမှာ အဖွဲ့အနွဲ့ပါသည်။ ရသခံစားမှုပါသည်။ စိတ်ကူးဖြင့် ဖွဲ့နွဲ့ထားသော ဝတ္ထုကဲ့သို့ ဖတ်ရသည်။ အတ္ထုပ္ပတ္တိရှင်၏ ပုံသည် ရှေ့တွင်ပေါ်လာကာ သူ၏ဟန်ပန်၊ အမူအရာ အားလုံးတို့ကို မြင်ရသည်။ ဝတ္ထုတစ်ပုဒ်ထဲမှ ဇာတ်ဆောင်တစ်ယောက်၏ လှုပ်ရှားပုံမျိုးဖြင့် လှုပ်ရှားအသက်ဝင်သည်။ ဝတ္ထုထဲမှ ဇာတ်ဆောင်သည် စိတ်ကူးလူဖြစ်သည်။ ယခု မော်ရိုင်း၏အတ္ထုပ္ပတ္တိစာပေထဲမှ ဝန်ကြီးချုပ် ဒစ္စရေလီသို့မဟုတ် ကဗျာဆရာရှယ်လီမှာ ကျွန်တော်တို့သိသော ထင်ရှားကျော်စောသောလူ။ သူတို့ကို ကိုယ်တိုင်ထိတွေ့ရသကဲ့သို့ ခံစားရသည်။ ရင်ခုန်ရသည်။ ဝတ္ထုဇာတ်လမ်းသဘောမျိုးပါ၍ စိတ်ဝင်စားစရာကောင်းသည်။

ဂျပန်ခေတ် ဗမာ့လွတ်လပ်ရေး တပ်မတော် တက်စက ရွှေတောင်ကြားတွင် အိမ်တစ်လုံးရသည်။ သခင်ချစ်က ကျွန်တော့်အတွက် လုပ်ပေးခြင်းဖြစ်သည်။ ဂျပန်စာဖြင့် ရေးထားသော စစ်ရုံးမှ စာကို မှန်ဘောင်သွင်းကာ ဝင်းဝတံခါးတွင် ချိတ်ဆွဲထားရသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ သိမ်းထားသော အိမ်ဖြစ်ကြောင်း ရေးထားသည်ဟု သိရသည်။ ထိုအိမ်တွင် ကျွန်တော်တက်မနေပါ။ သို့သော် ထိုအိမ်ထဲမှ စာအုပ်များကိုကား ယူသည်။ စာအုပ်များထဲတွင် ဂျာမနီအတ္ထုပ္ပတ္တိရေးဆရာ အယ်မလီလုဒဝပ်စ်၏ "ထူးကဲဉာဏ်ရည်နှင့် ထူးခြားလူ" Genus and Character စာအုပ်ရသည်။

ဥရောပမှ နိုင်ငံရေးခေါင်းဆောင်များအကြောင်းဖြစ်သည်။

mgyoe.com

mgyoe.com


ကျွန်တော်ဖတ်ကြည့်လိုက်သည်။ ကြိုက်သွားသည်။ ရုပ်ပုံဖော်ပုံမှာ အဖွဲ့အနွဲ့လည်းပါ၊ ဝေဖန်တွေးခေါ်မှုလည်းပါသည်။ နိုင်ငံရေးသမားများ သာမက ပညာရှင်များ၏ အတ္ထုပ္ပတ္တိများပါသည်ကို တွေ့ရသည်။

(ဂ)

တာရာမဂ္ဂဇင်းထုတ်ဝေရန် စီစဉ်သောအခါ အတ္ထုပ္ပတ္တိစာပေကဏ္ဍ ပါဝင်ရန် လျာထားလိုက်သည်။ ရေးပုံရေးနည်း တစ်မျိုးဖြစ်စေချင်ပါသည်။ အခြားစာရေးဆရာများထံမှမရ။ ထွက်ရက်က နီးကပ်လာပြီ။ ထိုအခါ ကျွန်တော်မရေး၍ မဖြစ်တော့။

ဘယ်လိုရေးမလဲ၊ ဘယ်သူ့အကြောင်းရေးရမလဲ။ ကျွန်တော့်မှာ အတ္ထုပ္ပတ္တိစာပေရေးသားခြင်း အတွေ့အကြုံမရှိလှ။ ကျောင်းသားဘဝက ၁၉၄၀ လောက်က ဖြစ်မည်။ ကိုအောင်ကျော်အကြောင်းစဉ်ဟူသော စာအုပ်ငယ်လေးတစ်အုပ်တော့ ထုတ်ဖူးသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂမှ ထုတ်ဝေခြင်းဖြစ်သည်။

ကျွန်တော်သည် စာရေးစားပွဲတွင် ထိုင်လိုက်သည်။

ကလောင်တံကို ကိုင်ရင်း လက်က ဆနေသည်။ လက်တစ်ဖက် က စားပွဲခင်း တွန့်ကြေနေသည်ကို ဆန့်မိနေသည်။ ပန်းအိုးကို နေရာ ပြင်ရွှေ့ကာ နှင်းဆီအဝါပွင့်ကို ငေးစိုက်ကြည့်လျက်ရှိပြန်သည်။ မဂ္ဂဇင်း ထွက်ရက်က နီးကပ်လာနေပြီကော...။

ဘယ်သူ့အကြောင်းများ ရေးရပါ့မလဲ...။ စားပွဲစွန်းစာအုပ်တစ် အုပ်အောက်၌ တွန့်ခေါက်နေသော သတင်းစာဟောင်းတစ်ခုကို ဆွဲလိုက် သည်။ ကျွန်တော်က စာရေးစားပွဲရှုပ်ပွနေလျှင် မကြိုက်တတ်။ သတင်း စာ သိမ်းရင်းခေါက်နေသော မျက်နှာဖုံးထဲက လူထုကြားထဲတွင် စကား ပြောနေသော ဓာတ်ပုံတစ်ပုံကို သွားတွေ့လိုက်သည်။

mgyoe.com

mgyoe.com



ကိုအောင်ဆန်း၊ သခင်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ ကျွန်တော် ကျောင်းရောက်စ ၁၉၃၈ ကတည်းက သိခဲ့သူ။ ကျွန်တော့် ထက် ၄ နှစ်ခန့်ကြီးသည်။ ကျွန်တော် ကျောင်းရောက်တော့ သူက ဘီအေ တန်းရောက်နေပြီ။ နောင်ဥပဒေတန်းတက်သည်။ သူ့ကို စတွေ့ရတာ ကတော့ ၁၉၃၆ ကျောင်းသား သပိတ်မှောက်ကာလအတွင်း နေရာကား ရွှေတိဂုံဘုရား။ မော်လမြိုင်ဇရပ်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ညီလာခံကျင်းပရာ ဂျူဗလီဟော...။

သူ့အကြောင်း ရေးမှပဲ...။ ဟုတ်တယ်။ သူ့အကြောင်း ရေးမယ်။

ကျွန်တော်သည် စက္ကူပေါ်တွင် ကလောင်ဖြင့် ခေါင်းစဉ်တပ်လိုက် သည်။

## အောင်ဆန်း (သို့မဟုတ်) အရိုင်း

ကျွန်တော်စိတ်လှုပ်ရှားလာသည်။ သူ့ရုပ်ပုံသည် ငေးနေသော ပြတင်းပေါက်၌မြင်ရသော မြူနှင်းများကြားထဲမှပေါ်လာသည်။ ဒီဇင်ဘာလမို့ နှင်းက ပြာလဲ့လဲ့။ ရင်ထဲက ခုန်လာသည်။

ဘယ်ကစရေးရပါ့မလဲဟု မတွေဝေတော့။ သူနှင့် စတွေ့ရသည့် ကျောင်းသားညီလာခံကျင်းပရာ ဂျူဗလီဟောစင်မြင့်ပေါ်က သူ့ရုပ်ပုံကို ဖော်လိုက်သည်။ စလိုက်သည်နှင့် ကလောင်က ထစ်ငေါ့မနေတော့။ ၁၀ နှစ်အတွင်း သူနှင့် ထိတွေ့ခံစားခဲ့ရသော ပုံကားချပ်များ ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာသမျှ ကလောင်က ဆွဲခေါ်သွားသည်ဟု ထင်ရသည်။ အာရုံသိများစုဝေးရာ ဦးနှောက်နှင့် ရင်ခုန်လှုပ်ရှားဆက်သွယ်ကာ လက် ဖျားပေါ်သို့ရောက်ရှိသွားပြီး စာရွက်ပေါ်တွင် စာလုံးများဖြစ်လာတော့ သည်။

ကိုအောင်ဆန်းနှင့် ထိတွေ့ခံစားရသမျှသည် အမျိုးသားလွတ်လပ်

mgyoe.com

mgyoe.com


ရေး လှုပ်ရှားမှုတိုက်ပွဲခင်းများနှင့် ဆက်စပ်နေကြသည်သာ ဖြစ်သည်။ ထို့ကြောင့် သမိုင်းနောက်ခံကားက ပါလာနေမြဲဖြစ်နေသည်ကို နောင်သတိပြုမိသည်။ ရေးကတည်းက ကျွန်တော်သည် ခေါင်းစဉ်ငယ်အဖြစ် လူကိုလေ့လာခြင်းဟု တပ်ထားလိုက်သည်။ ကိုအောင်ဆန်းဟူသော လူတစ်ယောက်ကိုတော့ ဗဟိုပြုထားရသည်။ သူနှင့်ပတ်သက်၍ ကျွန်တော်၏ခံစားမှုကို ပုံတူခြယ်ရေးဖွဲ့နွဲ့သည်။

သူ့အကြောင်း "အောင်ဆန်း (သို့မဟုတ်) အရိုင်း" ရေးနေစဉ် သူနှင့်မတွေ့သည်မှာ တစ်နှစ်ကျော်လောက်ရှိမည်ထင်သည်။ မတွေ့သည်မှာ ကျွန်တော်က သူ့ကို ရှောင်နေရသောကြောင့်ဖြစ်သည်။ ကျွန်တော်က သူ့ကိုတမင်တကာ ရှောင်ခြင်းဖြစ်သည်။ အကြောင်းက သည်လို...။ ၁၉၄၅ ခုနှစ်၊ ကျွန်တော် ခေတ္တအိမ်ပြန်ရောက်နေခိုက် ကျွန်တော့်ထံသို့ စစ်ဝန်ကြီးရုံးမှ ခန့်စာတစ်စောင်ရရှိသည်။ ကျွန်တော့်အား ဗမာ့တပ်မတော်ပြည်သူ့ဆက်ဆံရေးဌာန၊ ညွှန်ကြားရေးမှူးဗိုလ်ကြီး အဆင့်ဖြင့် ခန့်အပ်ကြောင်း ခန့်စာဖြစ်သည်။ ကျွန်တော် မသွား။ ကျွန်တော်နှင့် ဖြစ်မည်မဟုတ်။ တကယ်ကတော့ ကိုယ့်ရှူးကိုယ်ပတ်ခြင်းဖြစ်သည်ဟုဆိုရမည်။ ပြည်သူ့ဆက်ဆံရေးဌာနစီမံကိန်းနှင့် ဖွဲ့စည်းပုံမူကြမ်းကို ကျွန်တော်ရေးဆွဲခဲ့သည်။ ဒုတိယစစ်ဝန်ကြီးဗိုလ်ဇေယျက တင်ပြခြင်းဖြစ်သည်။ ၁၀ ရက်ခန့်ကြာသောအခါ သံကြိုးစာရောက်လာသည်။ စစ်ဝန်ကြီးအား ချက်ချင်းလာရောက်တွေ့ရမည်။ အောင်ဆန်းဟု ဖော်ပြသည်။ အမိန့်စာသဘော၊ လူရင်းများကို ဗမာ့တပ်မတော်သို့ ခေါ်ခြင်းသဘောဟု နားလည်လိုက်သည်။ ကျွန်တော်လည်း မနေသာတော့။ ရန်ကုန်သို့သွားသည်။ စစ်ဝန်ကြီးရုံးအုပ်က ကျွန်တော့်မိတ်ဆွေ။ တစ်ကျောင်းဆောင်တည်း နေခဲ့သူ။ သူကရောက်ရှိကြောင်း သတင်းပို့ရမည်ဟု ပြောသည်။ ကျွန်တော်က ဆိုင်းထားပါဦးဟု ရယ်မောကာ

mgyoe.com

mgyoe.com


တောင်းပန်ထားရသည်။ ဖက်ဆစ်တော်လှန်ရေး နီးကပ်နေပြီဖြစ်၍ ပြည်သူ့ဆက်ဆံရေးဌာန လုပ်ငန်းမျိုးလုပ်ရန် အခြေအနေရှိတော့မည် မဟုတ်ဟု ယူဆမိသည်။ ဗိုလ်အောင်ဆန်းအား ပြောလျှင် သူလက်မခံက အခက်။ သူနှင့်မတွေ့အောင် ရှောင်မှဖြစ်မည်။ ထိုအခါက ဦးဝိစာရ လမ်းကုန်းပေါ်ရှိ တဲထိုးထားသော စစ်ဝန်ကြီးရုံးအခန်းတစ်ခန်း (ဒုတိယ စစ်ဝန်ကြီးရုံးခန်းထင်သည်) တွင် ကျွန်တော်ရောက်ရှိနေခိုက် ဗိုလ်အောင်ဆန်းအခန်းရှေ့ ရောက်လာသည်။ ကျွန်တော် စားပွဲအောက် ဝင်ပုန်းရသည်။ သည်လိုနှင့် ကျွန်တော်လည်း အလုပ်မဝင်ဖြစ်တော့ပါ။

သည့်နောက် သူနှင့်မဆုံမိတော့။

စစ်ပြီးစ တာရာမဂ္ဂဇင်းထုတ်ရန် စိုင်းပြင်းနေစဉ်က သူ့ထံ ဆောင်းပါးတောင်းဖူးသည်။ ကိုယ်တိုင်မသွား။ အပါးတော်မြဲ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) မှတစ်ဆင့် တောင်းခြင်းဖြစ်သည်။ သူလည်း မအားလပ်သဖြင့် မရေးဖြစ်။

## (ဃ)

သူ့အကြောင်းရေးနေစဉ် ကျွန်တော်ခံစားသမျှကို ရေးချလိုက်ခြင်းသာဖြစ်သည်။ သူ၏မွေးရက်ကို ကျွန်တော် မရှာ။ သိလည်း မသိ။ ကျွန်တော်နှင့် ငယ်ပေါင်းမဟုတ်။ တက္ကသိုလ်ရောက်မှ သိကျွမ်းခင်မင်ရခြင်း ဖြစ်သည်။ ကျွန်တော်နှင့် ထိတွေ့ရသမျှ၊ ကျွန်တော်သိသမျှသာ ရေးသည်။ ကျွန်တော့်မျက်ကွယ်က ကိစ္စ ကျွန်တော် မပြော။ သူ၏မိန့်ခွန်းများကိုဖတ်၍ သူ့နိုင်ငံရေးအယူအဆများကို ကျွန်တော်မဆွေးနွေး။

လူတစ်ယောက်အနေဖြင့် ကျွန်တော်ခံစားရသမျှကိုတော့ ရေးသဖြင့်လည်း လူကိုလေ့လာခြင်းဟု ခေါင်းစဉ်တပ်ခြင်း ဖြစ်သည်။ စာရေးစားပွဲတွင်ထိုင်နေစဉ် သူနှင့်ပတ်သက်၍ အမှတ်ရလာသည်များ

mgyoe.com

mgyoe.com


ကို မိအောင်ဖမ်းသည်။ စိတ်ကူးဖြင့် ဖွဲ့နွဲ့သည်။ ဝတ္ထုရေးသည့်စိတ်ကူး မျိုး။ ဝတ္ထုတွင် ဇာတ်ကောင်၊ သဘာဝအလှ၊ ပတ်ဝန်းကျင်စသည့် အဝန်းအဝိုင်းကို သရုပ်ဖော်သည့် အဖွဲ့အနွဲ့မျိုး။ သို့သော်... အထက် အချက်အလက်၊ အဖြစ်မှန် (ဝါ) ခေတ်ပြိုင်သမိုင်းတို့ကား အခြေခံရ သည်။

ကိုအောင်ဆန်းနှင့် ထိတွေ့သမျှအားလုံးကို ပြသည်မဟုတ်။ တွေ့ရသမျှထဲမှ စာရေးသူပြလိုသော အကွက်အကွင်းကိုသာ ရွေးချယ်၍ ပြသည်။ သူမြင်လိုသောရုပ်ပုံ၊ သူခံစားနေသော ရုပ်ပုံကိုသာ ခြယ်၍ ရေးခြင်းဖြစ်သည်။

ယင်းသည် ရုပ်ပုံလွှာအဖွဲ့အနွဲ့ဖြစ်သည်ဟု ဆိုချင်ပါသည်။

စံပယ်ဖြူ၊ ဖေဖော်ဝါရီ၊ ၁၉၈၅။

❐

mgyoe.com

mgyoe.com

# ပဒုမ္မာကြာပွင့် အပြုံးရှင် ရုပ်ပုံလွှာအဖွဲ့အနွဲ့

"အောင်ဆန်း၊ သို့မဟုတ် အရိုင်း" ရေးပြီးနောက် ဒုတိယရေးသော ရုပ်ပုံလွှာအဖွဲ့အနွဲ့မှာ၊ "ဗဟိန်း သို့မဟုတ် ကဗျာ" ဖြစ်သည်။ ၁၉၄၇၊ ဇန်နဝါရီလထုတ် တာရာမဂ္ဂဇင်းတွင်ပါသည်။

ကျွန်တော်နှင့် အချစ်ခင်ဆုံး၊ အရင်းနှီးဆုံး၊ နားအလည်ဆုံး၊ အလိုလားဆုံးမိတ်ဆွေများအနက်မှ တစ်ယောက်ဖြစ်သည်။ သခင်ဗဟိန်းမှာ ၁၉၄၆ ခုနှစ် နိုဝင်ဘာလတွင် ကွယ်လွန်၍ သူ့ကို ကွယ်လွန်ပြီးမှ ဖွဲ့နွဲ့ခဲ့သည်။ သခင်ဗဟိန်း ကွယ်လွန်ချိန်တွင် ကျွန်တော်သည် တာရာမဂ္ဂဇင်း ထုတ်ဝေရေးအတွက် ပြင်ဆင်အလုပ်များနေသည်။ အောင်ဆန်း သို့မဟုတ် အရိုင်း ရုပ်ပုံလွှာ အဖွဲ့အနွဲ့ပုံနှိပ်ပြီးနေပြီ။

"မင်းသူငယ်ချင်း ကိုဗဟိန်း မန္တလေး ဆေးရုံမှာဆုံးပြီ" ဟု ကျောင်းနေဖက် သူငယ်ချင်း၊ သမာဓိသတင်းစာ အယ်ဒီတာ မောင်မောင်က အိမ်လာပြောသည်။ ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ မောင်မောင်မှာ ကျွန်တော်နှင့် ကိုဗဟိန်း ခင်မင်သည်ကိုသိ၍ သတင်းရရချင်း လာပြောခြင်း ဖြစ်သည်။ ကျွန်တော်နှင့်ပတ်သက်၍ မောင်မောင်မှာ

mgyoe.com

mgyoe.com


ကိုဗဟိန်းကို ခင်သွားသည်။ လူတိုင်း ကိုဗဟိန်းကို ခင်ကြသည်။ သူက လည်း လူတိုင်းကိုခင်သည်။ တင်စားၡပြောရလျှင် ရန်သူကပင် သူ့ကို ခင်သည်ဟု ရေးဖွဲ့ရမည်ထင်သည်။ အင်္ဂလိပ်စာ ပါမောက္ခရုတ်စ်က သူ့ကို နှစ်လိုဖွယ်ကောင်းသော သူငယ်ဟု ပြောကြောင်း ကြားရဖူးသည်။

ကျွန်တော်သည် ကိုဗဟိန်းရုပ်ပုံလွှာကို ဖွဲ့နွဲ့မည်ရှိသောအခါ ချက်ချင်း ခံစားမှုဝင်လာသည်။ ခံစားမှုအတိုင်း "ဗဟိန်း သို့မဟုတ် ကဗျာ" ဟု ခေါင်းတပ်လိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်းက "ဗဟိန်း သို့မဟုတ် Romance လို့တပ်ရင် ပိုမှန်မယ်" ဟုပြောကြောင်းကြားရသည်။ Romance ကို မြန်မာလို အတိအကျ ပြန်ရန်ခက်သည်။

ကျွန်တော်က သူ့ကို "ကဗျာ" ဟုခေါ်သည်မှာ အကြောင်းမဲ့ မဟုတ်။ ကဗျာကို ကျွန်တော်ချစ်သည်။ စာပေခံစားမှုတွင် ကဗျာသည် ကျွန်တော်၏ပထမအချစ်။ ကဗျာသည် အလှအပ။ အနုစာပေအဖွဲ့အနွဲ့။ ယင်းသို့အချစ်၊ အလှ၊ အနုတို့ ပေါင်းစပ်ထားသော ဝိသေသမျိုးရှိသော ကဗျာနှင့်သာ ကိုဗဟိန်းကို တင်စားရေးချင်သည်။

ကိုအောင်ဆန်းက သူ့ကို Romance ဟုပြောခြင်းမှာ သူ့ခံစားမှုနှင့် သူပြောခြင်း ဖြစ်မည်။ Romance ၏အဓိပ္ပာယ်က များသည်။ တကယ့်ဘဝမှဝေးပြီး စိတ်ကူးဘက်ယိမ်းခြင်း၊ အလှအပဘက်ညွတ်ခြင်း၊ ကဗျာဆန်ခြင်း၊ စိတ်ကူးယဉ်အချစ်ဆန်ခြင်း စရှိသော ဝိသေသများ အကျုံးဝင်သည်။ အချစ်ဝတ္ထုတစ်ပုဒ်ဟုလည်း အနက်ရသည်။ ကျွန်တော်က "စိတ်ကူးယဉ်စာပေ" ဟူ၍ စာပေဝေါဟာရ အဖြစ်သုံးသည်။ ကိုအောင်ဆန်းက ဘယ်အဓိပ္ပာယ်ဖြင့် ယူသည်မသိ။ သူတို့ကျောင်းသား သမဂ္ဂလုပ်ဖော်လုပ်ဖက်များထဲတွင် ကိုဗဟိန်းကို သူတို့နှင့်စိတ်ခံစား မှုဘက်တွင် မတူသူတစ်ယောက်အဖြစ် မြင်ကြသည်ကို ကျွန်တော်သိ

mgyoe.com

mgyoe.com



သည်။ ကျွန်တော်နှင့် ကိုဗဟိန်း တတွဲတွဲနေသည်ကိုပင် သူတို့ကပြုံးကြသည်။ စိတ်ကူးယဉ်သမား နှစ်ယောက်တော့ တွဲမိနေပြီဟုသော သဘော။

၁၉၄၁ မိုးအကုန်၊ မကုန်ခင် လပိုင်းကာလဖြစ်မည် ထင်သည်။ ကျွန်တော်၏ မေဝတ္ထုထွက်သည့် လပိုင်းလောက်တွင် ကိုဗဟိန်း အဖမ်းခံရသည်။ ထိုအခါက ရွှေဂုံတိုင်ရှိ ခြသေ့်ရုပ်လှေကားအထက်နား ရှိ ဇရပ်တစ်ဆောင် (ထိုအခါက အင်္ဂလိပ်တော်လှန်ရေး မြေအောက် လျှို့ဝှက်စခန်း) မှအပြန် ညဘက်အဖမ်းခံရခြင်းဖြစ်သည်။ ဗဟန်းတွင် ရှိနေစဉ် ထိုညက "မခင်ကြီး လွမ်းတယ်ဗျာ" ဟု ပြောပြီး မြေနုလမ်းအိမ် သို့ အပြန် အဖမ်းခံရခြင်းဖြစ်သည်ဟု ကြားရဖူးသည်။ ဘယ်လောက်မှန် မမှန်တော့မသိ။ ယင်းကာလအပိုင်းက ကျောင်းသားသမဂ္ဂနှင့် တို့ဗမာ အစည်းအရုံးမှ လုပ်ဖော်ကိုင်ဖက်များ အတော်လေးအဖမ်းခံကြရသည်။ လူချင်းကွဲသွားကြပြီးနောက် ၁၉၄၂ ဗမာ့လွတ်လပ်ရေးတပ်မတော် ရန်ကုန်ဝင်သောအခါ လူချင်းပြန်ဆုံကြသည်။ ဂျပန်ခေတ်အတွင်း ဆေးရုံကြီး (ယခုစစ်ဆေးရုံတွင် ကိုအောင်ဆန်း ဆေးရုံတက်နေစဉ် ဆုံမိကြရာ၊ ယင်း ကိုဗဟိန်း အဖမ်းခံရသော ပုံပြင်ကို ဝိုင်းပြောနေကြ သည်။ ကိုအောင်ဆန်းက "ခင်ဗျားဗဟိန်းက ဒီလိုလူဗျ" ဟု ပြောပြီး သဘောကျသလို ရယ်မောနေသည်။ ကိုအောင်ဆန်းသည်လည်း ဤ ဆေးရုံမှာပင် သူ၏အချစ်ဇာတ်လမ်း (Romance) ကို စခဲ့သည်မဟုတ် လား။

ကိုဗဟိန်းသည် ချစ်တတ်ကြိုက်တတ်သူ၊ လွမ်းတတ်သူ၊ လူသား ဆန်သူဖြစ်သည်။ စကားဝိုင်းတွင် ဗိုလ်လကျာ်၊ ကိုကျော်ငြိမ်း၊ သခင် သန်းထွန်းတို့ပါသည်။ "ကျုပ်ကတော့ ကိုဗဟိန်းလို မဟုတ်ဘူးဗျ" ဟု ကိုအောင်ဆန်းက ဆက်လိုက်သည်။ အားလုံးပြုံးနေကြသည်။ စကား

mgyoe.com

mgyoe.com


ဝိုင်းပြီး၍ နေရီသွားသောအခါ "ခင်ဗျားက စန္ဒရားတီးဗျာ။ အပေါ်ထပ် ဆရာမအခန်းမှာ စန္ဒရားရှိတယ်" ဟု ကျွန်တော့် ကို အတင်းခေါ်ကာ ၃ ထပ်ရှိ အခန်းသို့တစ်ပြုံလုံးသွားကြသည်။ ကိုအောင်ဆန်းလည်း ပါလာသည်။

လှိုု့ဝှက်စခန်းတွင် ပုန်းအောင်းနေစဉ် ကိုဗဟိန်းက ရခါစ ဇနီးသည်အား လွမ်းသည်ကို ကျွန်တော်က သဘောကျသည်။ ကိုဗဟိန်း လူသားဆန်သည်ဟု ကျွန်တော် မြင်သည်။ လူသည် ချစ်တတ်ကြိုက်တတ်သူ မဟုတ်ပါလား။ ကိုဗဟိန်း လွမ်းတတ်သည်ကို ကျွန်တော် အပြစ်ဟုမမြင်။ ကိုအောင်ဆန်းရော ကိုဗဟိန်းကော နိုင်ငံရေးစိတ်ဓာတ်ပြင်းပြသည်ကို ကျွန်တော်သိသည်။ ကိုအောင်ဆန်းက တစိုက်မတ်မတ်၊ တစ်ခုတည်းအာရုံထားလုပ်သူမို့ ကျန်တာဘာမှ အာရုံသိပ်မထား။ လူမှုရေးရာဘက်တွင် ယုတ်လျော့သည်။ ကိုဗဟိန်းက သူ့လိုမဟုတ်။ ၁၉၃၉ အောက်တိုဘာလ ကျောင်းပိတ်ရက်က ရှမ်းပြည်နယ်ကအပြန် မန္တလေး၌ ရှိနေစဉ် ကိုအောင်ဆန်းရောက်လာသည်။ ကိုဗဟိန်းက ကျွန်တော်နှင့် အတူ ရန်ကုန်ပြန်မလိုက်ချင်သေး။ ကျွန်တော် တစ်ယောက်တည်းလည်း မပြန်စေချင်၊ ကျွန်တော်မျက်စိမှုန်သဖြင့် စိတ်ချဟန်မတူ၊ တစ်ယောက်တည်း ပြန်မည်ဆို၍မရ။ ကိုအောင်ဆန်းရောက်လာခိုက် မနက်ဖြန်ညပြန်မည်ဆိုသဖြင့် ကိုဗဟိန်းက ကျွန်တော့် ခေါ်သွားပါ။ တစ်တွဲတည်းသွားပါဟု ကိုအောင်ဆန်းကိုမှာသည်။ ညဘက် ဘူတာရုံတွင် ဆုံကြသည်။ ရထားထွက်တော့ ကျွန်တော်က မျက်စိမှုန်သူမို့ မမြင်ဘူးထား၊ သူကမြင်ရမည်။ ရှာလျှင်တွေ့ရမည်။ နောက်တစ်နေ့မနက် ကွမ်းခြံဘူတာရုံကြီးမှ ဆင်းသောအခါ ကျွန်တော့်ရှေ့ ၃–၄ ယောက်ကျော်က စိုက်စိုက်နှင့် သွားနေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော့်ကို နှုတ်ဆက်ဖို့ဝေးစွ။ ကျွန်တော်အပြစ် မမြင်၊ ခွင့်လွှတ်သည်။ လွမ်း

mgyoe.com

mgyoe.com


တတ်သူကို နားလည်ရသည်။ မလွမ်းတတ်သူလည်း ခွင့်လွှတ်ရသည်။

ကျောင်းသားသမဂ္ဂ လုပ်ဖော်ကိုင်ဖက်များတွင် ကိုလှရွှေ၊ ကိုဗဟိန်းတို့မှာ အစောဆုံးလက်ထပ်သွားကြသည်။ ကိုလှရွှေက ၁၃၀၀ ပြည့် အရေးတော်ပုံအပြီး။ ကိုဗဟိန်းက ၁၉၄၀ ရှေ့ဆင့်နောက်ဆင့်။ ဂျပန်ခေတ်အစတွင်ကား ကိုလှမောင်၊ ကိုအောင်ဆန်း၊ ဗိုလ်ဇေယျ၊ ဗိုလ်လက်ျာ၊ ကိုကျော်ငြိမ်း၊ ကိုဘဆွေတို့လက်ထပ်သွားကြသည်။

"စိတ်ဓာတ်ကျတဲ့အချိန် မိန်းမရသွားကြတာပဲဗျ" ဟု ကျွန်တော်က ပြောသောအခါ သူတို့ကလက်မခံကြ။ "ခင်ဗျား ဘာနားလည်လို့လဲ" ဟု သူတို့က ဆိုကြသည်။

ဂျပန်ခေတ်တွင် သူတို့လုပ်ချင်တာ မလုပ်နိုင်ကြသည်ကို ကျွန်တော်က စိတ်ဓာတ်ကျချိန်ဟု ဆိုလိုခြင်းဖြစ်သည်။

သည်အကြောင်း ကျွန်တော်က ကိုဗဟိန်းကို ပြန်ပြောပြသော အခါ သူက...

"ချစ်သူဆိုတာ အချစ်ဆုံးအဖော်ပဲဗျ။ အထူးသဖြင့် ဒုက္ခကို ဝေမျှ ခံနိုင်တယ်" ဟု ပြောသည်။

ကိုဗဟိန်းနှင့် ခံစားမှုချင်း၊ အတွေးချင်းနီးစပ်သည်။ ထို့ကြောင့် ပင် ခဏတာနှင့် ခင်မင်ရင်းနှီးသွားကြသည်။ ဂီတ၊ ပန်းချီ၊ ကဗျာ၊ ဝတ္ထုတို့ကို ပြော၍ရသည်။ သီချင်းအကြောင်း ပြောလည်းရသည်။ လုံချည်အရောင်ရွေးတာချင်းပါ တူနေတတ်သည်။ အနုအလှ အင်မတန် ကြိုက်သည်။ စာအရေးအသား အဖွဲ့အနွဲ့လည်းကောင်းသည်။ "ဓနရှင် လောက" ကဲ့သို့ အချက်အလက်ပါသော နိုင်ငံရေးသိပ္ပံကျမ်းမျိုးလို ရှင်းလင်းပြတ်သားသော စာကို ရေးနိုင်သလို လေလွင့်သူ၊ ဘဝခရီး စသော ဝတ္ထုတိုရသ စာပေမျိုးလည်း ရေးဖွဲ့သည်။ "လူ့အလို" ဝတ္ထု ရှည်ကြီးကိုကား နိုင်ငံရေးတာဝန်များပိသဖြင့် ပြီးအောင်မရေးခဲ့ရ။

mgyoe.com

mgyoe.com


ကိုဗဟိန်းစိတ်က အနုအလှကြိုက်သလို ရုပ်က အနုအလှ၊ ဆံပင် ကောက်ကောက်၊ အသားရောင်ကဖြူဖြူ၊ အဖြူပေါ်တွင် ပန်းနုရောင်သန်း နေသည်။ နှုတ်ခမ်းနှင့်ပါးအို့တွင် ပဒုမ္မာကြာပွင့်အပြုံးက အမြဲ တမ်းလန်း တင့် ရွှန်းပလျက်...

လူကလှ၊ နှသော်လည်း သူ၏နိုင်ငံရေး ယုံကြည်ချက်ကား ကြံ့ခိုင် သည်။ ကြီးမားသည်။ အားကောင်းသည်။

၁၉၄၀ ပတ်ဝန်းကျင်က စပိန်ပြည်တွင် ပြည်တွင်းစစ်ကြီးဖြစ်ရာ ဂျင်နရယ်ဖရင်ကိုနှင့် ဆန့်ကျင်ဘက်မှ "နိုင်ငံပေါင်းစုံတပ်ဖွဲ့" ဖွဲ့စည်း ၍ ဥရောပမှ တိုးတက်သော လူငယ်များ ဝင်ရောက်တိုက်ခိုက်ပေးကြ သည်။ စာရေးဆရာ၊ ကဗျာဆရာများ ပါကြသည်။ ယင်းတပ်ဖွဲ့သို့ သွားဝင်ရအောင်ဟု ကိုဗဟိန်းက ကျွန်တော့်ကို ပြောဖူးသည်။ ပထမ တော့ ကျွန်တော်က အံ့သြမိသည်။ နောက်ကျတော့ မအံ့သြ။ နားလည် သွားသည်။

၁၉၄၅ ဖက်ဆစ်တော်လှန်ရေးကာလက ကိုဗဟိန်းသည် ပဲခူး ရိုးမတောင်ပေါ်ရှိ ဖက်ဆစ်ဆန့်ကျင်ရေး ပြောက်ကျားစခန်းတွင် ရှိနေ ခဲ့သည်။ "ကိုဗဟိန်းက ကာဘိုင်သေနတ်လွယ်လို့ဗျ" ဟု လေထီးဆင်း ဗိုလ်တစ်ဦးက ပြောသည်။ ကျွန်တော်မအံ့သြတော့ပါ။ သူသည် အနု နှင့်အကြမ်းရော ထားနိုင်သူဖြစ်သည်။ လူက နုသော်လည်း ကြမ်းတမ်း မာကျောသော၊ ခက်တရော်သော နိုင်ငံရေးသမားဘဝကို သူရွေးချယ်ခဲ့ သည်။ သူ့ယုံကြည်ချက်က ကြံ့ခိုင်သည်မဟုတ်လား။

ကျွန်တော်သည် အနုနှင့်အကြမ်း ပေါင်းစပ်ခြင်းကို သဘောကျ သည်။ ဆန့်ကျင်ဘက်ချင်း ညီညွတ်ခြင်းကို ကြိုက်သည်။ ပန်းချီရေး လျှင်ပင် ကျွန်တော်သည် ဆန့်ကျင်ဘက်အရောင် တွဲစပ်ချင်သည်။

အမှန်အားဖြင့် ကျွန်တော်သည် ကျောင်းသားဘဝက ကိုဗဟိန်း

mgyoe.com

mgyoe.com


ကို အထင်ကြီးသည်။ ကိုအောင်ဆန်းထက် အထင်ကြီးသည်။ (ဂျပန်ခေတ်ရောက်မှ ကိုအောင်ဆန်းကို အထင်ကြီးသွားသည်) အနုနှင့်အကြမ်း ပေါင်းစပ်နိုင်သဖြင့် အထင်ကြီးသည်။ တိုင်းပြည်ခေါင်းဆောင်ဖြစ်လာမည်ဟု ထင်သည်။ ခေါင်းဆောင်သည် အနုနှင့်အကြမ်း ပေါင်းစပ်နိုင်ရမည်ဟု ထင်မိသည်။ အနုချည်းလည်းမဖြစ်။ အကြမ်းချည်းလည်းမဖြစ်။ ပျော့လျှင်ဖယောင်း၊ မာလျှင် သံချောင်းအစားမျိုး။

ကိုဘဟိန်းသည် အနုသမား။ သို့သော် သံမဏိ။

## (ဂ)

ကျွန်တော့်ကို နိုင်ငံရေးလောကသို့ရောက်စေချင်သူမှာ ကိုဘဟိန်း။ တကယ်က ကျွန်တော်သည် နယ်ခြားမျဉ်းကြောင်းပေါ်ရပ်နေတတ်သူ။ အဝေးမှနေပြီး အနီးအဝေးမြင်ကွင်းအမှန်ဖြင့် မကြည့်တတ်လျှင် တစ်ဖက်တည်းရောက်နေသည်ဟု အမြင်မှားသွားတတ်သည်။ ကျွန်တော်က ကိုဗဟိန်း၊ ကိုအောင်ဆန်းတို့လို နိုင်ငံရေးသမားလုပ်ရန် ရည်ရွယ်ချက်ရှိသည်မဟုတ်။ စိတ်ဓာတ်ရှိသော်လည်း ကန့်လန့်ကာ နောက်ကွယ်မှသာ နေချင်သည်။ ရေးပေးမည်။ ဖတ်ပေးမည်။ ဒါက အရသာရှိသည်ဟု ထင်သည်။

၁၉၃၉ က ကျွန်တော်မှာ ကျွန်တော်မသိဘဲ တက္ကသိုလ်သမဂ္ဂအမှုဆောင်ကော်မတီဝင်ဖြစ်သွားခဲ့ရသည်။ သမဂ္ဂဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ငွေထိန်းများ ရွေးကောက်ပြီးနောက် အမှုဆောင် ၆ ဦးကို ရွေးကောက်ရသည်။ အမှုဆောင်လောင်း လျှောက်လွှာပိတ်သည့်နေ့က ကျွန်တော် သမဂ္ဂသို့မရောက်ဖြစ်။ ထိုနှစ်က ကျွန်တော် နေ့ကျောင်းသားအဖြစ် ကျောင်းတက်နေသည်။ မိခင်ဆေးလာကု၍ မြို့ထဲနေသည်။ နောက်တစ်နေ့ သမဂ္ဂရောက်သွားသောအခါ သမဂ္ဂအမှုဆောင်စာရင်းထဲတွင်

mgyoe.com

mgyoe.com


ကျွန်တော့်နာမည်ပါနေသည်ကို ကြော်ငြာသင်ပုန်း၌ ဖတ်ရသည်။ ကိုဗဟိန်းနှင့် ကိုလှရွှေတို့ လက်ချက်မှန်း သိရသည်။ ကိုဗဟိန်းက နောက်ကွယ်က။ ဥက္ကဋ္ဌ ကိုလှရွှေက တရားဝင်ဆောင်ရွက်သူ။ အမှန်က အမှုဆောင်လောင်း လျှောက်လွှာကို ကျွန်တော်က လက်မှတ်ထိုးတင်ရမည်။ ယခုတော့ ကျွန်တော် သည်နေ့မှ လက်မှတ်ထိုးရသည်။

"ကျွန်တော့်လည်း မပြောကြဘူးဗျာ"

"မနေ့က ခင်ဗျားမှ ဒီမလာတာ"

"ကျွန်တော်မှ မလုပ်ချင်တာ"

မရတော့ပါ။ ကြေညာချက် ထွက်သွားပြီးပါပြီ။

"ကျွန်တော်နဲ့ မဖြစ်ဘူးထင်တယ်၊ ကျွန်တော်က ဝတ္ထုရေးချင်၊ ကဗျာစပ်ချင်၊ သီချင်းတီးချင်..."

"ဘယ်ရမလဲ၊ အဲဒါကြောင့် ခင်ဗျားကို အမှုဆောင်ထဲထည့်တာ။ ဒီလိုလူမျိုး လိုချင်နေတာ"

ကိုလှရွှေကို ပြန်ပြော၍မရတော့။ ကိုဗဟိန်းနှင့် နှစ်ယောက်ချင်း တွေ့သောအခါ ကျွန်တော်မသိဘဲ လုပ်သည့်ကိစ္စထပ်ပြောကြသည်။

"လုပ်လိုက်ပါဗျာ၊ ခင်ဗျားနဲ့တော်ပါတယ်။ ကျွန်တော်ကတင် ပြောတာမဟုတ်ဘူး။ သူတို့ကလည်း ခင်ဗျားကို လိုချင်တာဗျ" ဟု ကိုဗဟိန်းက ပြုံးကာ ပြောသည်။ သူ၏ကြာပွင့်အပြုံး၊ အေးမြအပြုံးက ကျွန်တော့်အား ငြိမ်းအေးစေလိုက်သည်။ တကယ်တော့ သူတို့သည် ကျွန်တော့်ကို ယုံကြည်၍၊ ခင်မင်ရင်းနှီး၍ လူရင်းသဘောထားကာ လုပ်ကိုင်ခြင်းဖြစ် သည်ကို ကျွန်တော်နားလည်လိုက်သည်။

မူလက တက္ကသိုလ်သမဂ္ဂအသင်းမှာ ပညာရေးဆန်ဆန်၊ လူမှု ဆက်ဆံရေးဆန်ဆန် အသင်းဖြစ်ခဲ့သည်။ ၁၉၃၆ ကျောင်းသားသပိတ် ခေတ်လောက်ကစ၍သာ နယ်ချဲ့ဆန့်ကျင်ရေးတပ်ဦးဖြစ်လာသည်။ နိုင်ငံ

mgyoe.com

mgyoe.com


ရေးအဖွဲ့အစည်း မဟုတ်ခဲ့ပေ။ အောက်စဖို့တက္ကသိုလ်သမဂ္ဂအသင်းကို စံနမူနာထား၍ ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ သမဂ္ဂအမှုဆောင်များ တာဝန်ခွဲဝေကြသောအခါ ကျွန်တော့်ကို (ကိုဗဟိန်း၏အကြံပေးချက်အရ) လူမှုဆက်ဆံရေးဆပ်ကော်မတီ၊ သဘာပတိအဖြစ် ရွေးသည်။ ယင်းတာဝန်အပြင် အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ်ပါ ပူးတွဲတာဝန်ယူရသည်။ သည်အလုပ်ကိုတော့ ကျွန်တော်ကိုယ်တိုင်က ကြိုက်သည်။ ကိုအောင်ဆန်းကို အိုးဝေမဂ္ဂဇင်း အယ်ဒီတာဘဝနှင့် သိခဲ့ရကတည်းက အားကျခဲ့သည့်အလုပ်။ နောက်နှစ်တွင်လည်း ကျွန်တော် သမဂ္ဂအမှုဆောင်ဖြစ်ရပြန်သည်။ ငြင်းမရတော့။ ကျွန်တော် သူတို့လူဖြစ်သွားပြီ။

ယခုပြန်၍ တွေးကြည့်လျှင် ကျောင်းသားသမဂ္ဂအတွေ့အကြုံသည် ကျွန်တော်၏ဘဝအတွေ့အကြုံများတွင် အဖိုးတန်အတွေ့အကြုံဖြစ်သည်ဟု ဆိုရမည်။ ကိုဗဟိန်း အမြော်အမြင်ဟု ပြောရမည်။

ကိုဗဟိန်းကား လက်မလျှော့ပါ။

၁၉၃၉ က သဘောတရားကို အခြေခံသော အဖွဲ့အစည်းကြီး တစ်ခုတည်ထောင်ဖွဲ့စည်းလိုက်သည်။ ကိုဗဟိန်းက ယင်းအဖွဲ့အစည်းကြီးတွင် အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ယင်းအဖွဲ့တွင် ကျွန်တော်ပါဝင်ရန် ကိုဗဟိန်းက အလေးအနက် ပြောသည်။ ကျွန်တော်ကလည်း အလေးအနက် ပြန်ပြောရသည်။ ကျွန်တော်တို့နှစ်ယောက် ဆွေးနွေးငြင်းခုံသောနေရာကား အဓိပတိလမ်းထိပ်။ ဘွဲ့နှင်းသဘင်ခန်းမ မျက်နှာစာ ခြသေ့ရုပ်ရှေ့လှေကားထစ်ပေါ်။ ထိုညကား လရောင်ရွှန်းမြသော ည။ မိုးသားကင်းစင်နေသည်။ ကိုဗဟိန်းက စီးကရက်တစ်လိပ်ပြီးတစ်လိပ် ဖွာရင်း စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ကျွန်တော်က ပြန်ပြောသည်။ ငြင်းကြခုံကြသည်။ မပြတ်၍ နောက်တစ်နေ့ခါ ဆက်သွားကြသည်။ နောက်တစ်ခါ ထပ်ဆုံမှ ပြတ်သွားသည် ထင်သည်။

mgyoe.com

mgyoe.com


ကျွန်တော်က သည်လိုတင်ပြသည်။ သည်အဖွဲ့အစည်းကို ကျွန်တော် စိတ်ဝင်စားသည်၊ ကြိုက်သည်။ သို့သော် ကျွန်တော် နိုင်ငံရေးသမား မဖြစ်ချင်ပါ။ သို့ဖြစ်၍ အဖွဲ့ဝင်မလုပ်ပါရစေနှင့်။ ကျွန်တော် ယုံကြည်တာ၊ လက်ခံတာဆိုလျှင် လုပ်ပေးမည်။ ကျွန်တော် မယုံတာ လက်မခံတာမျိုးကိုတော့ တာဝန်မပေးပါနှင့်။ ကျွန်တော် လုပ်မည်မဟုတ်ပါ။ ဘယ်လိုမှ သဘောမထားပါနှင့်။ ကူညီနိုင်တာ ကူညီပါ့မည်။

ကိုဗဟိန်းက ကျွန်တော်၏အဖြေကို ကျေနပ်မည်မထင်။ သို့သော် သူက အေးမြသော ကြာပွင့်အပြုံးဖြင့်သာ တုံ့ပြန်သည်။ စိတ်က မလျှော့။

"လူရင်းလိုတော့ သဘောထားမယ်နော်"

"ထားပါ၊ လူရင်းတွေပဲဟာ မဟုတ်ဘူးလား"

ကျွန်တော်တို့နှစ်ယောက် ရယ်ကြသည်။ ပြတ်သည်။ ဒါပေမဲ့ မပြတ်။

ယင်းအဖွဲ့အစည်း တည်ထောင်ရန် ဆွေးနွေးသည့်စကားဝိုင်း အချို့တွင် ကျွန်တော်ပါဖူးသည်။ သည်ကတည်းက သိနေခဲ့သည်။ ကျွန်တော်ကလည်း သဘောတရားများကို လေ့လာနေသူ မဟုတ်လား။ စကားဝိုင်းတွင် တက္ကသိုလ်မှ အိန္ဒိယကျောင်းသားများပါသည်။

တကယ်ပင် လူရင်းလို သဘောထားသည်။ နိုင်ငံခြား အဆက်အသွယ်ရှာရန် တရုတ်ပြည်သို့ သွားရာတွင် ကျွန်တော့်ကို ခေါ်သည်။ အိန္ဒိယပြည် ရမ်းဂါးကွန်ဖရင့်သို့ သွားရာတွင် ခေါ်သည်။ "နေရူးကဖိတ်တာ၊ သူ့အိမ်တည်းရမှာ၊ လိုက်ခဲ့ပါ" ဟု ခေါ်သည်။ ကျွန်တော် မလိုက်ဖြစ်။ တရုတ်ပြည်ကတော့ မရောက်။ သိန္နီမှ လှည့်ပြန်ခဲ့ရသည်။

ဗမာ့ထွက်ရပ်ဂိုဏ်းဖွဲ့ရန် စိုင်းပြင်းသော ပဏာမအစည်းအဝေးများသို့ ကျွန်တော့်ကို ဖိတ်သည်။ ကျွန်တော် တစ်ခါနှစ်ခါလောက်သာ တက်သည်။ နောက် မတက်တော့။ ပထမ အမျိုးသား အစည်းအရုံးဟု

mgyoe.com

mgyoe.com


နာမည်ပေးချင်ကြသည်။ ထိုအခါက "တပ်ပေါင်းစု" ဟူသော ဝေါဟာရ မပေါ်သေး။ ကျွန်တော့်ကိုလည်း နာမည်ရှာခိုင်းသည်။ ကိုဗဟိန်းကြောင့် နိုင်ငံရေးအတွေ့အကြုံရသည်။

ကိုဗဟိန်းက ကျွန်တော့်ကို ဖွဲ့ကောင်းကောင်းဖြင့် နိုင်ငံရေးအရ စည်းရုံးလျက်ရှိစဉ် ကျွန်တော်ကလည်း သူ့ကို စာပေအရ 'စည်းရုံး' လျက်ရှိသည်။ သူ့ကို အမြဲတမ်းဝတ္ထုရေးဖို့ ပြောသည်။ သူ့ဝတ္ထုကိုယူ၍ ဒဂုန်မဂ္ဂဇင်းသို့ ပို့ပေးသည်။ 'ဘဝခရီး' ဟူသောဝတ္ထုတိုပါလာသည်။ သူနိုင်ငံရေးသမား မဖြစ်လျှင် စာရေးဆရာဖြစ်မည်ဟု ထင်သည်။ စာရေးဆရာနှင့် နိုင်ငံရေးသမားမှာ အမှန်တရားရှာဖွေသော ရည်ရွယ်ချက်ချင်း တူကြသည်။ ရှာဖွေပုံသဏ္ဌာန်သာ ခြားနားခြင်း ဖြစ်သည်ဟု ထင်သည်။

ကိုဗဟိန်း ရုပ်ပုံလွှာအဖွဲ့အနွဲ့တွင် ကျွန်တော် သည်လိုရေးခဲ့ သည်။

"ကိုဗဟိန်းက ကျွန်တော့်ကို နိုင်ငံရေးသမားဖြစ်စေချင်၏။ သို့သော် မဖြစ်။ ကျွန်တော်က ကိုဗဟိန်းကို စာရေးဆရာဖြစ်စေချင် ၏။ သို့သော် မဖြစ်"

## (ဃ)

ယနေ့ခေတ်တွင် ကျွန်တော်၏တူမငယ် ဆယ်ကျော်သက်က လေးများ သမိုင်းစာအုပ်မှ ကိုဗဟိန်း၏ မကွေးတွင် ရေနံမြေ အလုပ် သမားများအား ဟောပြောသော စကားရပ်ကို သင်အံနေသံကြားရသည်။

"သံခွာတစ်ချက်ပေါက်ရင် တစ်ပြည်လုံး မီးဟုန်းဟုန်းတောက် စေ့မယ်"

ကဗျာဆန်သော နိုင်ငံရေးလှုံ့ဆော်မှုစကားရပ်။

ကိုဗဟိန်းနှင့်ကိုဘဆွေ ကျောင်းသားကိစ္စနှင့်ပတ်သက်၍

mgyoe.com

mgyoe.com


မကွေးရောက်စဉ် ရေနံမြေမှ ရန်ကုန်သို့ ဆန္ဒပြချီတက်လာကြသော အလုပ်သမားများအား ဟောပြောကြသည်။ မကွေးအရေးပိုင်က ရှေ့ဆက်မသွားနိုင်အောင် မြင်းစီးပုလိပ်များဖြင့် တားထားစဉ်က ဖြစ်သည်။ တကယ်ပင် တရားဟောအပြီး အဖမ်းခံရပြီး နောင်တစ်ပြည်လုံး သပိတ်မီးဟုန်းဟုန်းတောက်ခဲ့သည်။ ယင်း ၁၉၃၈ က အဖြစ်အပျက်သည် ယနေ့သမိုင်းဖြစ်နေပေပြီ။

ထိုနှစ်က ကိုဗဟိန်းမှာ ဗမာနိုင်ငံလုံးနိုင်ငံဆိုင်ရာကျောင်းသားများ သမဂ္ဂနှင့် တက္ကသိုလ်ကျောင်းများ သမဂ္ဂဥက္ကဋ္ဌ ဖြစ်သည်။ အမှန်အားဖြင့် ထိုစာသင်နှစ် (၁၉၃၈–၃၉) ဥက္ကဋ္ဌမှာ ကိုအောင်ဆန်း ဖြစ်သည်။ သို့သော် ကိုအောင်ဆန်းမှာ ပထမနှစ်ဝက်က တို့ဗမာအစည်းအရုံးဝင်ကာ သခင်အောင်ဆန်း နာမည်ခံသွားသဖြင့် ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်လိုက်ရာ ကိုဗဟိန်းက သူ့နေရာကို ဆက်ခံရခြင်းဖြစ်သည်။ ကိုဘဆွေမှာ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ သမဂ္ဂ အတွင်းရေးမှူးဖြစ်သည်။ သည်ကတည်းက ကျွန်တော်သည် ကိုဗဟိန်းအား ကျောင်းသားခေါင်းဆောင်သာမက နိုင်ငံရေးခေါင်းဆောင်ဖြစ်မည်ဟု ထင်ခဲ့ပေသည်။

ကိုဗဟိန်းကွယ်လွန်သောအခါ သူသည် ဗမာပြည် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုဥက္ကဋ္ဌ၊ ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂ ဥက္ကဋ္ဌ၊ ပြည်သူ့အာဏာဂျာနယ် အယ်ဒီတာဖြစ်သည်။

သူသည် နှလုံးရောဂါဖြင့် မန္တလေးဆေးရုံတွင် တက်ရောက်ဆေးကုသလျက်ရှိစဉ် ဖဆပလက ဗမာပြည် ကွန်မြူနစ်ပါတီကို ထုတ်ပယ်လိုက်၏။ သူ့ကိုအသိမပေးကြ။ ဆရာဝန်တို့၏ညွှန်ကြားချက်အရ သူ့ကိုသတင်းစာပေးမဖတ်။ တစ်နေ့ ပေါင်မုန့်ထုပ်သော ပြည်သူ့ဟစ်တိုင်သတင်းစာတစ်ရွက်ကို သူသွားတွေ့သည်။ ယင်းစာရွက်တွင် သတင်းကပါလာသည်။ သည်ကတည်းက သူ့ရောဂါအခြေအနေ မကောင်းဟု

mgyoe.com

mgyoe.com


ကြားသည်။ ဖဆပလဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းကလည်း မန္တလေး လာမည်။ ကိုဗဟိန်းကို လာတွေ့မည်ဟု အစီအစဉ်ရှိသွားသည်။ ကိုအောင်ဆန်းလာလျှင် သူမတွေ့ချင်ဘူးဟု ပြောကြောင်း ကြားရသည်။ စိတ်ထိခိုက်စရာ။ သူ့ကိုအောင်ဆန်းကို မတွေ့လိုက်ရတော့ပါ။ ကိုအောင်ဆန်းလာသောအခါ သူကွယ်လွန်ပါပြီ။

ကိုအောင်ဆန်းသည် ကိုဗဟိန်း ရုပ်ကလာပ်သို့သွားကာ အလေး ပြုရင်း ချီးကျူးစကားပြောသည်။ ကိုအောင်ဆန်း မျက်ရည်ဝဲနေသည်ဟု ကြားရသည်။ ကိုအောင်ဆန်းသည်လည်း ၁၉၃၉ က ဖွဲ့စည်းတည်ထောင် သောပါတီတွင် ပထမဆုံးသော အတွင်းရေးမှူးမဟုတ်လား။

ရှေးပညာရှိတို့က နိုင်ငံရေးကို "တိမ်တောင်သဖွယ် မင်းရေးကျယ်" ဟု တင်စားခဲ့ကြသည်။ အရောင်အမျိုးမျိုး၊ ပုံပန်းအမျိုးမျိုး ပြောင်းလဲ လျက်ရှိသည်။

၁၉၅၃ က ကျွန်တော် မော်စကိုရောက်သွားသည်။ ရင်ပြင်နီရှိ လီနင်ဂူသို့ သွားရောက်ကြည့်ရှုသည်။ ယင်းခံစားမှုကို "လီနင်ဂူ" ကဗျာ ဖြင့် ဖွဲ့ခဲ့သည်။

..... ..... ..... ..... .....

မြို့ရိုးဘေးရှိ
ဖွေးဖွေးနှင်းခဲ၊ ကျဆဲပွင့်စက်
နှမ်းပက်ကျောက်သား၊ အနီပြားဖြင့်
စီထားဆင့်ထပ်၊ ပတ်သန်းရံခင်း
ထင်းရှူးစိမ်းရင့်၊ နှင်းပွင့်သရဖူ
ရွက်ဖြူ ဆွတ်လွ၊ မှိုင်းမြမြသည်
ညနေဆည်းဆာ မှုန်ဖျော့စ။

mgyoe.com

mgyoe.com


..... ..... ..... ..... .....
..... ..... ..... ..... .....
ရင်တွင်း၌ကား
လှိုက်ဖိုရှိုက်မက်၊ တသက်သက်တည့်
ပေါ်လျက်လာသည်၊ မျက်ရည်ပျံ့ဆွတ်
လွတ်လပ်ရေးတွက်၊ တိုက်ပွဲရက်တွင်
အသက်ဆုံးရ၊ သခင်ဗဟိန်း
စိမ်းစိမ်းမြွေ့မြွေ့၊ အောက်မေ့စိတ်မှန်း
တမ်းတညွတ်ညွတ်၊ လွမ်းဆွတ်ဆွတ်မိ။ ။
..... ..... ..... ..... .....
..... ..... ..... ..... .....

စံပယ်ဖြူ၊ အမှတ် ၅၊ မေ၊ ၁၉၈၅။

❐

mgyoe.com

mgyoe.com

# သမိုင်းခေတ်နှင့် ရုပ်ပုံလွှာအဖွဲ့အနွဲ့

(က)

သမိုင်းခေတ်ဟု ဆိုလိုက်သောအခါ နိုင်ငံရေး၊ စာပေရေး၊ ယဉ်ကျေးမှုရေးအားလုံး အကျုံးဝင်သည်။ ယင်းသမိုင်းခေတ်တွင် နိုင်ငံရေး လှုပ်ရှားမှုတို့ရှိသည်။ နိုင်ငံရေးလှုပ်ရှားမှုရှိသကဲ့သို့ စာပေလှုပ်ရှားမှုလည်းရှိသည်။ ယင်းသို့သော သမိုင်းခေတ်လှုပ်ရှားမှုများတွင် ခေါင်းဆောင်များလည်း ပေါ်ထွက်ခဲ့ကြသည်။ နိုင်ငံရေးခေါင်းဆောင်၊ စာပေခေါင်းဆောင်။

နိုင်ငံရေးခေါင်းဆောင်ဆိုသည်ကတော့ ထင်ထင်ရှားရှား တွေ့နိုင်သည်။ သမိုင်းခေတ်တိုင်း ခေတ်တိုင်းတွင် ခေါင်းဆောင်မှုကို ပြည်သူတို့က တွေ့မြင်ကြရသည်။ ခေါင်းဆောင်ဆိုသည်မှာ လုပ်၍ရသော အရာမဟုတ်။ ခေါင်းဆောင်သင်တန်းတက်၍လည်း ခေါင်းဆောင်ဖြစ်သည် မဟုတ်။ ခေါင်းဆောင် သင်တန်းရှိသည်ဆိုလျှင်လည်း အဓိပ္ပာယ်ရှိမည်မဟုတ်။ ခေါင်းဆောင်ကို ပြည်သူတို့ကသာလျှင် ရွေးချယ်တင်မြှောက်ကြသည်။

ပြည်သူတို့၏ ရင်ထဲတွင် မိမိတို့အားကိုးရာ၊ မိမိတို့ယုံကြည်ရာ၊ မြတ်နိုးရာ၊ ချစ်ခင်ရာသည် ခေါင်းဆောင်ဖြစ်လေသည်။ ခေါင်းဆောင်ကို

mgyoe.com

mgyoe.com


ပြည်သူတို့က တွေ့မြင်ကြရသည်ဟု ဆိုလိုက်ခြင်း ဖြစ်သည်။

ခေါင်းဆောင်ဆိုရာတွင်လည်း ခေါင်းဆောင်အမျိုးမျိုးရှိပေသည်။ ပြည်သူတို့အားလုံးက ချစ်မြတ်နိုးသောခေါင်းဆောင်၊ ပြည်သူတို့အားလုံးက ယုံကြည်ကိုးစားသောခေါင်းဆောင်ဟူ၍ ရှိသည်။ တစ်မျိုးသားလုံးက ယုံကြည်ကိုးစားသောခေါင်းဆောင်၊ တစ်မျိုးသားလုံးက ချစ်ခင်သောခေါင်းဆောင်ဟူ၍လည်း ရှိသည်။ အဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်ဟူ၍လည်း ရှိသည်။ အချို့မှာ အဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်ဖြစ်သော်လည်း ပြည်သူအားလုံးတို့၏ ခေါင်းဆောင်ဖြစ်ချင်မှဖြစ်မည်။ တစ်မျိုးသားလုံး၏ ခေါင်းဆောင်ဖြစ်ချင်မှဖြစ်မည်။ တချို့ကလည်း အဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်လည်း ဖြစ်သည်။ ပြည်သူတို့၏ ခေါင်းဆောင်လည်း ဖြစ်သည်။ တစ်မျိုးသားလုံး၏ ခေါင်းဆောင်လည်း ဖြစ်သည်။ ယင်းသို့သော ခေါင်းဆောင်မျိုးရှားပါးသည်။ တစ်ခေတ်တွင် တစ်ခါသာ ပေါ်ပေါက်သော ခေါင်းဆောင် အမျိုးအစားဖြစ်သည်။

အဖွဲ့အစည်းဆိုရာတွင်လည်း ပြည်သူတို့အားလုံးကို ကိုယ်စားပြုသော အဖွဲ့အစည်းလည်း ရှိသည်။ ပြည်သူတို့အားလုံးကို ကိုယ်စားမပြု၊ အစိတ်အပိုင်းတစ်ခုကိုသာ ကိုယ်စားပြုသော အဖွဲ့အစည်းဟူ၍လည်း ရှိသည်။ ယင်းသို့လျှင် ခေါင်းဆောင်တို့သည် သမိုင်းခေတ်တိုင်းတွင် ထင်ရှားစွာရှိကြပေသည်။

(ခ)

ခေါင်းဆောင်ဆိုသည် ချက်ချင်း ဟုတ်ခနဲထ၍ ဖြစ်လာသည် မဟုတ်ပေ။ ပြည်သူထဲမှ ပွင့်ဖူးလာရသည်။ ပြည်သူထဲမှ ပွင့်လာသော ပန်းပွင့်။ အရှည်တည်ရသည်။ ဖူးရသည်။ ငုံရသည်။ ပြီးတော့ ပွင့်ရသည်။ ပွင့်ပြီးတော့မှ မွှေးရနံ့ ကြိုင်လှိုင်ပျံ့ရသည်။

mgyoe.com

mgyoe.com



ခေါင်းဆောင်သည်လည်း ထို့အတူပင်၊ လူထုကြားထဲမှ ပြည်သူ့တို့၏ လှုပ်ရှားမှုထဲမှ ထွက်ပေါ်လာရသည်။ ငယ်စဉ်ကျောင်းသားဘဝကတည်းက ကျောင်းသားဆိုင်ရာ အဖွဲ့အစည်းများတွင် ပါဝင်လှုပ်ရှားရင်း ခေါင်းဆောင်တင်မြှောက်ခြင်း ခံရတတ်သည်။ ခေါင်းဆောင်ကိုခန့်ထားရသည်မဟုတ်။ ရွေးချယ်တင်မြှောက်ရသည်။ ခေါင်းဆောင်ဖြစ်အောင် လာဘ်ပေး၍လည်း ရသည်မဟုတ်။ ခြိမ်းခြောက်၍လည်း ရသည်မဟုတ်။ အမိန့်ဖြင့်လည်း လုပ်၍ရသည်မဟုတ်။ ပြည်သူ့ဘဝတွင် လှုပ်ရှားရင်း၊ ကျောင်းသားဆိုလျှင်လည်း ကျောင်းသားလှုပ်ရှားမှုတွင် ပါဝင်ရင်း ကျောင်းသားထုက သူ၏အရည်အချင်းကို နှစ်သက်ကာ၊ ယုံကြည်ကာ ခေါင်းဆောင်အဖြစ် တင်မြှောက်လိုက်ကြသည်။ ထို့နောက် တစ်ဆင့်တက်၍ပြည်သူအဖွဲ့အစည်းများတွင် ပါဝင်ကာ ခေါင်းဆောင်ဖြစ်လာရသည်။

ကျွန်တော်သည် သမိုင်းခေတ်များကို ဖြတ်သန်းရင်း ယင်းသို့တွေ့ကြုံခံစားလာရသည်။ ဤသို့ပင် ခေါင်းဆောင်အဖြစ် မွေးဖွားလာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။

၁၉၄၆ ဒီဇင်ဘာလထုတ် တာရာမဂ္ဂဇင်း အမှတ် ၁ တွင် စတင်၍ ရုပ်ပုံလွှာအဖွဲ့အနွဲ့ဟု နောင်အခါတွင် ခေါ်ဝေါ်သည့် အရေးအသားအဖွဲ့အနွဲ့တစ်ခုကို ရေးလိုက်မိပါသည်။

ခေါင်းဆောင်တစ်ယောက် ရုပ်ပုံလွှာဆိုပါတော့။ ရုပ်ပုံလွှာဆိုသည်မှာ ပန်းချီကားချပ်များကိုသာ ဆိုလိုရင်းဖြစ်နိုင်သည် မဟုတ်၊ သို့သော် စာပေဖြင့်၊ စာလုံးအဖွဲ့အနွဲ့ဖြင့် ပန်းချီ ရေးခြယ်သကဲ့သို့ ဖွဲ့နွဲ့လိုက်သော အရေးအသားကို ရုပ်ပုံလွှာအဖွဲ့အနွဲ့ဟု ကျွန်တော် ထင်မိသည်။ ထိုအခါက လွတ်လပ်ရေးမရသေးသော၊ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေသောခေတ် ဖြစ်သည်။ ကျွန်တော်တို့ အဖို့ သမိုင်းခေတ်ဟု ဆိုနိုင်သည်။

mgyoe.com

mgyoe.com


ထိုအခါ ကိုအောင်ဆန်းကို ဖွဲ့ချင်လာသည်။ သူက ခေါင်းဆောင်ဖြစ်နေပြီ။ အမျိုးသားခေါင်းဆောင် ဖြစ်နေပြီ။

ကျောင်းသားဘဝတုန်းကတော့ ကျောင်းသားခေါင်းဆောင်မျှသာ၊ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌမျှသာ၊ ထို့နောက် ကျောင်းမှထွက်သောအခါ တို့ဗမာအစည်းအရုံး အထွေထွေ အတွင်းရေးမှူးမျှသာ၊ ကျွန်တော် ရေးဖွဲ့မည်ဟူ၍ စားပွဲတွင် ထိုင်လိုက်သောအခါ ကိုအောင်ဆန်းကို အမျိုးသားခေါင်းဆောင်၊ လူထုခေါင်းဆောင်အဖြစ် ခံစားမိ၍ ကျွန်တော် ရေးဖွဲ့လိုက်ခြင်းဖြစ်သည်။

ကိုအောင်ဆန်းသည် ဖဆပလဥက္ကဋ္ဌ၊ အမျိုးသားခေါင်းဆောင်အဖြစ် ပြည်သူက ကြည်ညိုလေးစားရခြင်း မရှိသေးလျှင် သို့မဟုတ် ကျွန်တော်က သူ့ကိုမစွဲငြိလျှင် ကျွန်တော် ရေးဖြစ်ချင်မှ ရေးဖြစ်မည်။ ထိုအခါကတော့ ကျွန်တော် သူ့ကို စွဲငြိသွား၍ ရေးဖွဲ့လိုက်ခြင်းဖြစ်သည်။ ယင်းရုပ်ပုံလွှာအဖွဲ့အနွဲ့ကို ခေါင်းစဉ်တပ်စဉ်ကတော့ ရုပ်ပုံလွှာ မဟုတ်။ 'လူကို လေ့လာခြင်း' ဟူသော အမည်ဖြင့် ခေါင်းစဉ်တပ်ပြီး လူပုဂ္ဂိုလ်ကို ရေးဖွဲ့သောသဘောဖြင့် ရေးသည်။ လေ့လာသည့်သဘောဖြင့် ကျွန်တော်က လူကိုလေ့လာခြင်းဟူသော ခေါင်းစဉ်ငယ် တပ်လိုက်ခြင်းဖြစ်သည်။

ယင်းခေါင်းစဉ်ငယ်ဖြင့် အခြားသော ကျွန်တော်စွဲငြိသော မိတ်ဆွေများကို ရေးဖွဲ့လိုက်သည်။ ကျွန်တော်ကျောင်းသားဘဝက ခင်မင်သိကျွမ်းခဲ့သောသူများ၊ ကျောင်းသားသမဂ္ဂတွင် ပါဝင်လှုပ်ရှားသူများကို ကျွန်တော်ဖွဲ့လိုက်သည်။ ကိုအောင်ဆန်း၊ ကိုဗဟိန်း၊ ကိုဗဆွေ အခြားသော နိုင်ငံရေးခေါင်းဆောင်များကိုလည်း ကျွန်တော် ဖွဲ့သည်။ သခင်နု၊ သခင်တင်မောင်၊ သခင်သန်းထွန်း ရုပ်ပုံလွှာဖွဲ့ရန် စွဲငြိသည့် အကြောင်းအချက်များကတော့ ပုဂ္ဂိုလ်တစ်ယောက်နှင့်တစ်ယောက် တူကြမည်မထင်။ တူသောသူများလည်း ရှိသည်။ သမိုင်းခေတ်များသည် ကျွန်တော်

mgyoe.com

mgyoe.com


ရုပ်ပုံလွှာအဖွဲ့များရေးဖွဲ့ရာ စွဲငြိရာဖြစ်သည်။ သမိုင်းခေတ်နှင့် ဆိုင်သည်။ သမိုင်းခေတ်တွင် ခံစားလိုက်ရသော အစွဲအငြိက ကျွန်တော့်ကို ရုပ်ပုံလွှာဖွဲ့နွဲ့အောင် လှုံ့ဆော်ပေးသောအရာဖြစ်နေသည်ကို တွေ့နေရသည်။

(ဂ)

ကိုအောင်ဆန်း ရုပ်ပုံလွှာကို ဖွဲ့နွဲ့သောအခါ ကိုအောင်ဆန်းသည် လျှမ်းလျှမ်းတောက် ထင်ရှားကျော်ကြားနေသော အချိန်ဖြစ်သည်။

ကိုဗဟိန်း မန္တလေးတွင် ဆုံးပြီဟု မိတ်ဆွေတစ်ယောက်ထံမှ ကြားလိုက်ရသောအခါ ကျွန်တော်မရေးဘဲ မနေနိုင်တော့။ ကျွန်တော် သူ့ကို လွမ်းမိသည်။ သို့ကြောင့် ရေးဖွဲ့လိုက်ခြင်းဖြစ်သည်။

သခင်နု ဝန်ကြီးချုပ်ဖြစ်လာသောအခါ ကျွန်တော် သူ့အကြောင်းကို ဖွဲ့နွဲ့ဖြစ်သည်။

သခင်သန်းထွန်း တောထဲရောက်သွားသောအခါ ကျွန်တော် ရေးချင်စိတ်ပေါ်လာသည်။

ကိုဗဆွေကို ဖဆပလ အဖွဲ့ချုပ်တွင် ကြိုးကိုင်နေသော ဗမာပြည်ဆိုရှယ်လစ်ပါတီ အထွေထွေ အတွင်းရေးမှူးအဖြစ် သူ့ကို သတိမထားဘဲ မနေနိုင်တော့။ ထို့ကြောင့် ရေးဖြစ်သွားသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ၁၉၅၀ ကျော် ပတ်ဝန်းကျင်က ငြိမ်းချမ်းရေးလှုပ်ရှားမှု ရိုက်ခတ်နေသောအခါ ကျွန်တော် ရေးဖွဲ့ဖြစ်သွားသည်။

သခင်တင်မောင်ကိုတော့ ကွယ်လွန်ပြီး နှစ်ပေါင်း ၁၀ နှစ်ကျော်သောအခါ သူ့ကို ဖျတ်ခနဲ သတိရသွားကာ ရေးချင်စိတ်ပေါ်လာခဲ့ရသည်။

ယင်းသို့လျှင် သမိုင်းခေတ်များတွင် စွဲငြိသွားသော သမိုင်းခေတ်

mgyoe.com

mgyoe.com


၏ လျှပ်ရောင်က ပြက်လိုက်သောအခါ ကျွန်တော် ရေးဖြစ်သွားခြင်းသာ များသည်။ တချို့ကိုတော့ သတိတရ ရေးခြင်း၊ ဥပမာ သခင်တင်မောင်။

သူတို့သည် ကျောင်းသားဘဝ ကျွန်တော်နှင့် ခင်မင်ရင်းနှီးစအခါ တုန်းကတော့ ဘာမှမဟုတ်ကြသေး။ ဘာမှမဖြစ်ကြသေး။ ကျောင်းသား အရွယ်ဆိုသည်မှာ လူ့ဘဝတွင် နုစပျိုစ၊ ဆန်းသစ်စ။ ဘယ်ပန်းပွင့်မည်၊ ဘယ်အရောင်ပွင့်မည်၊ ဘယ်ရနံ့မွှေးမည်ကို ထင်ရှားစွာ သိနိုင်ကြသော အရွယ်မဟုတ်။ သူတို့၏လုပ်ရပ်ကို မမြင်ရသေး။ ထိုအခါ သူတို့သမိုင်း ခေတ်၏လျှပ်ရောင်တွင် တွေ့လိုက်ရသောအခါမှကား သူတို့သည် ခေါင်းဆောင်များ ဖြစ်နေကြပြီ။

ကျွန်တော်က လူကိုလေ့လာခြင်းဟု ဆိုထားသဖြင့် သူတို့၏နိုင်ငံ ရေးဘဝကို မရေး၊ သူတို့၏နိုင်ငံရေးကို ကျွန်တော်မဝေဖန်၊ ကျွန်တော် လူအဖြစ် အထိအတွေ့များကိုသာ ကျွန်တော်ရေးသည်။ ကျွန်တော်မသိ သော ကျွန်တော့် နောက်ကွယ်က အကြောင်းအရာများကို ကျွန်တော် မရေး။

· စာရေးစားပွဲတွင် ထိုင်လိုက်သောအခါ ကျွန်တော်တို့ကျောင်းသား ဘဝက ကျွန်တော်နှင့်အထိအတွေ့များသည် ရင်ထဲမှ အတိတ်မှ ထွက်လာကြသည်။ ကျွန်တော့်ကို ထိရှကြသည်။ ထိုအခါကျွန်တော်က နောက်ကြောင်းပြန်များကို ခြယ်သရသည်။ ပုံတူရုပ်ပုံလွှာ ပန်းချီကား ချပ် ရေးဖွဲ့သကဲ့သို့ပင် မိမိအမြင်နှင့် မိမိရေးလိုက်သည်။ မိမိသိသလို ရေးလိုက်သည်။ ဘာမှတ်စုမျှ မရှိ။ ဘာမှတ်တမ်းမှ မကိုးကား။ လူကို ရုပ်ပုံလွှာ ရေးခြယ်သောအခါ ရုပ်ပုံလွှာရှင်က မိမိရှေ့တွင် ရှိသည်ကို ကြည့်လိုက်၊ ပိတ်ပေါ်တွင် ဆေးစက်နှင့် တို့လိုက်နှင့် ရေးရသည်။ စာပေ ရုပ်ပုံလွှာကျတော့ စိတ်လှုပ်ရှားမှု၊ စိတ်ခံစားမှုကိုသာ အားကိုးရသည်။ ကျွန်တော်တစ်ထိုင်တည်း ရေးခြစ်လိုက်သည်က များသည်။ များသည်

mgyoe.com

mgyoe.com



မဟုတ်၊ အားလုံးလိုလိုပင် ဆိုပါတော့။ ကျွန်တော်က ဒါကို ကြိုက်သည်။ တွေးဆမနေ။ အယ်ဒီတာများက ကျွန်တော့်ကို ရုပ်ပုံလွှာရေးပေးပါဟု ပြောကြသည်။ သမိုင်းက ကျွန်တော့်ကို လာရိုက်ခတ်မှသာ ကျွန်တော် ရေးဖြစ်သည်။ ရေးမည်ဆို၍ ရေးဖွဲ့၍ရမည် မဟုတ်သည်ကို သူတို့သိမှသိပါလေစ။

ကိုဗဟိန်းကို ရေးဖွဲ့သောအခါ ကျွန်တော်က 'ကိုဗဟိန်း သို့မဟုတ် ကဗျာ' ဟု ရေးလိုက်သည်။ ကိုအောင်ဆန်းကပင် ကိုဗဟိန်း ရုပ်ပုံလွှာကို ဖတ်ပြီး 'ကိုဗဟိန်း သို့မဟုတ် Romance ဆိုရင် ပိုကောင်းမယ်ဗျာ' ဟုပြောကြောင်း မိတ်ဆွေ ကိုထွန်းလှမှတစ်ဆင့် ကြားလိုက်ရသည်။ ဒါကတော့ သူ့အမြင်ပေကိုး။ သူသည်လည်း ကိုဗဟိန်းနှင့် ရင်းနှီးသူ ဖြစ်သည်။ သူ့ခံစားမှု ရှိနိုင်သည်။ Romance ဟူသော အင်္ဂလိပ်စကားလုံးကို ကျွန်တော် ဘာသာပြန်ရန် ခက်သည်။ စာပေတွင်တော့ စိတ်ကူးယဉ်စာပေဟူ၍ ကျွန်တော်ဘာသာပြန် သုံးနှုန်းဖူးသည်။

ကိုအောင်ဆန်း ပြောလိုက်သော Romance ကိုတော့ ကျွန်တော် ဘာသာပြန်ရန် မဖြစ်။ အင်္ဂလိပ်၏အဓိပ္ပာယ်အတိုင်း တိကျမှန်ကန်အောင် ဘာသာပြန်ဖို့က မလွယ်။

စာပေဂျာနယ်၊အတွဲ ၂၊ အမှတ် ၇၊ မတ်၊ ၁၉၉၅။

❐

mgyoe.com

mgyoe.com

# စိမ်းသစ်အတိတ် တရိပ်ရိပ်ပြေး

## (က)

ယခင်လက ကိုတက်တိုး၏ တက္ကသိုလ်တွင် မကျော်ကြားသော ပုဂ္ဂိုလ်ကြီး ငါးဦး (ကောက်နုတ်ချက်–စာပြောင်) ကို ဖတ်လိုက်ရသော အခါ ကျွန်တော့်မှာ ဝေဒနာတစ်ခု ခုန်ကြွကပ်ငြိလာသည်။ ဝေဒနာက တော့ အိမ်လွမ်းစိတ္တဇ။ စာမှာ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းမှာ ဖော်ပြခဲ့သော စာဖြစ်၍ အနှစ် ၅၀ လောက်ရှိပါပြီ။ သူ၏ပုဂ္ဂိုလ်ကြီး ငါးဦးထဲတွင် ကိုထင်ကြီး၊ ကိုစံဝင်း၊ ကိုသန်းထွတ်၊ သူနှင့် ကျွန်တော်တို့ ပါဝင်သည်။

ကျွန်တော် ကျောင်းရောက်စ စာပေမိတ်ဆွေများနှင့် ခင်မင်ရင်းနှီး ခဲ့ရာ သူဖော်ပြသော စာပေမိတ်ဆွေများကို သွား၍ သတိရလိုက်သည်။ ကိုစံဝင်းတစ်ယောက်ကတော့ မရှိတော့ပြီ။ လွန်ခဲ့သော ၂–နှစ်ခန့်က ဆုံးသွားခဲ့သည်။ သူသည် ကျိုတိုသတင်းဌာနတွင် လုပ်ကိုင်ခဲ့ရာမှ ဆုံး သွားသည်။ သူတစ်ယောက်တည်း YMCA မှာ နေသည်ဟု ကြားရ သည်။ သူနှင့်မတွေ့သည်မှာ နည်းနည်းတော့ ကြာသွားပြီ။ သူ့အမျိုး သမီးမှာ အင်္ဂလိပ်ကပြားဖြစ်၍ သူနှင့် ကွဲကွာသွားပြီမှာ အတော်ကြာပြီ

mgyoe.com

mgyoe.com



ဟု သိရသည်။ သူသည် အဝတ်အစားတောက်တောက်ပြောင်ပြောင် လှလှပပ ဝတ်တတ်သည်။ အမြဲတမ်း ပြောင်ပြောင်ရောင်ရောင်၊ တွေ့တိုင်းလည်း ကဗျာရွတ်သည်။ စာစကား၊ ကဗျာစကားပြောတတ်သည်။ သူသည် တဂိုးဟန် ကဗျာဆန်သောစာများ ရေးဖွဲ့သည်။ သိပ်တော့မရေး။ သူ့ကလောင်နာမည် အပြည့်အစုံက နထိုးစံဝင်း။ အင်္ဂလိပ်ဘာသာဖြင့်လည်း ရေးသည်။ စစ်ပြီးသော် ဘီအိုစီပြန်ကြားရေးဌာနတွင် လုပ်ကိုင်သည်ဟု ကြားရသည်။ ထို့နောက် ကျွန်တော်တို့ လူချင်းမကြာခဏ တွေ့ကြသည်။ ကျွန်တော့်စာကိုလည်း သူဖတ်ပုံရသည်။ ကျွန်တော့်ကို တွေ့လျှင် သူက 'တဗာရစ်ချစ် ဒဂုန်တာရာ' ဟု ခေါ်လေ့ရှိသည်။ တဗာရစ်ချစ်ဆိုသည်မှာ ရုရှားစကားဖြစ်သည်။ ရဲဘော်ဟု အဓိပ္ပာယ်ရသည်။ ကျွန်တော် နာမည်ဝှက်ဖြင့်ရေးသော ဝေဖန်စာများကိုလည်း ဖတ်သည်။ ကျွန်တော်မှန်း သူဘယ်လိုလုပ်သိသည်မသိ။ ကျန်မိတ်ဆွေများကတော့ ရံဖန်ရံခါ တွေ့တတ်သည်။

## (ခ)

ထိုအခါကတော့ တက္ကသိုလ်ဟူသော ဝေါဟာရမှာ သိပ်ခေတ်မစား။ အသုံးနည်းသည်ဟုပြောလျှင် ရမည်။ ကောလိပ်ဟု အများက ခေါ်ကြသည်။ ယူနီဘာစီတီကောလိပ်ဟုလည်း ခေါ်ကြသည်။ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်းဟူသော အမည်ဖြင့် ထုတ်ဝေခဲ့သည်။ တက္ကသိုလ်ဟူသောစကားမှာ ဂန္ထဝင်ဆန်နေသည်ဟု ထင်နေသည်။ တက္ကသိုလ်ဟူသော စကားကို ဇာတ်ပွဲများ၊ ဇာတ်တော်ကြီးစာအုပ်များတွင် ဖတ်ရ၍ နားယဉ်တော့နေသည်။ တက္ကသိုလ်တွင် ဒိသာပါမောက္ခဆရာကြီးက အပြည်ပြည်မှ လာရောက်သင်ကြားကြသော မင်းညီမင်းသားများကို ပညာစုံသင်ပေးသည်ဟူသောအဓိပ္ပာယ်ကတော့ ပေါ်လွင်သည်။ တက္ကသိုလ်

mgyoe.com

mgyoe.com


သည် ပညာစုံသည်ဟူသော အသိရှိခဲ့သည်။ အမှန်ပင်၊ တက္ကသိုလ်သို့ မြန်မာနိုင်ငံဒေသအရပ်ရပ်မှ လာရောက်ကြသည်။ ပညာရပ်ကလည်း စုံသည်။ ဝိဇ္ဇာပညာ၊ သိပ္ပံပညာ။ ကျွန်တော်တို့တော တွင်နေသော ကျောင်းသားများ မယဉ်ပါးသေးသော ပညာရပ်များဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ်သည် ပညာစုံသည်ဟူသော အဓိပ္ပာယ်ကို ပင်ရင်း အဓိပ္ပာယ် အနှစ်သာရအဖြစ် နောင်အခါကျမှ နားလည်လာမိသည်။ တိုင်းပြည်အသီးသီးတွင် အကျော်ကြားဆုံး တက္ကသိုလ်များရှိစမြဲပင်။ တက္ကသိုလ်တို့မှာ သူတို့တိုင်းပြည်ဒေသ အရပ်ရပ်မှလာရောက်ကြပြီး ပညာသင်ကြားသူများ၏ ကျောင်းသားဗဟုဠုတနဟူသော အဓိပ္ပာယ်ကို ဖော်ပြနေကြသည်။

ယူနီဘာစီတီဟူသော စကားရပ်ကလည်း တစ်ကမ္ဘာလုံး၊ တစ်လောကလုံး အဓိပ္ပာယ်သက်ရောက်သည်။ ပညာစုံသည့် အဓိပ္ပာယ်ပင် ဖြစ်သည်။ ကျွန်တော်နေသော ကျောင်းသားဘဝခေတ်က မြန်မာ တစ်ပြည်လုံး၌ ရန်ကုန်တွင်သာ တက္ကသိုလ်ရှိသည်။ နောက်ကျတော့ မန္တလေးတွင် ဥပစာကောလိပ်ဟု ဖွင့်သည်။ စစ်မဖြစ်ခင် သုံးလေးနှစ်က ဖြစ်မည်။

တက္ကသိုလ်တစ်ခုတည်းရှိသဖြင့် အနယ်နယ်အရပ်ရပ်၊ ဒေသ အရပ်ရပ်မှ ကျောင်းသားများ စုဝေးရာ ဗဟိုဒေသ သဘောကလေးဖြစ် မည်။ ကိုတက်တိုးက မကွေးက၊ ကိုထင်ကြီးက မန္တလေးက၊ ကိုသန်းထွတ်က ဖျာပုံက၊ ကိုစံဝင်းက မြင်းခြံမြို့နယ် နွားထိုးကြီးက၊ ကျွန်တော်က ကျိုက်လတ် မြစ်ဝကျွန်းပေါ်။ အညာအကြေစုံလှသည်။ ကျောင်းရောက်သောအခါလည်း ကျောင်းသားမျိုးစုံ (ဒေသအရပ်ရပ်) နှင့် ထိတွေ့ခဲ့ရသည်။ လူမျိုးကလည်း စုံသည်။ ရှမ်း၊ ကရင်၊ ကချင်၊ မွန်၊ ချင်း၊ ရခိုင် စသည်တို့ဖြစ်ကြသည်။

mgyoe.com

mgyoe.com


ကိုးကန့်မှ ကျောင်းသားထင်သည်။ စော်ဘွားသား ဖြစ်သည်။ ရေသောက်လျှင် သူက ရွှေဖလားနှင့် ရေသောက်သည်။ ထိုအခါက ကျွန်တော်မှာ အသက် ၂၀ မပြည့်သေး။ ကိုသန်းထွတ်ကတော့ ကျွန်တော့် ထက် တစ်နှစ်ငယ်သည်။ ကျန်မိတ်ဆွေများမှာ ကျွန်တော့်ထက်ကြီး သည်။ အကြီးဆုံးကတော့ ကိုတက်တိုး။ သူကတော့ ကျွန်တော့်ထက် ၇ နှစ်ခန့် ကြီးမည်ထင်သည်။ ထိုအခါက ကျောင်းသားအရွယ်ဖြစ်၍ ဘဝ၏ရုပ်ပုံကားချပ်များက မထင်ရှား မပီသသေး။ အားလုံးကတော့ စာပေစိတ်ဓာတ်ရှိကြသည်။ ရေးလည်း ရေးဖွဲ့ကြသည်။ ကိုတက်တိုးမှာ ဥပစာတန်းအောင်ပြီးလျှင် သူ့မြို့သို့ပြန်အလုပ်လုပ်သည်။ ထို့နောက် ဝိဇ္ဇာဘွဲ့ယူရန် ပြန်လာခြင်းဖြစ်၍ ကျွန်တော်တို့ထက်ကြီးနေခြင်း ဖြစ်သည်။ သူသည် သမဂ္ဂအောက်ထပ် ကိုထွန်းတင် ဖွင့်ထားသော တိုလီမိုလီဆိုင်ခန်းတွင်နေပြီး တစ်ဖက်ကလည်း ဂန္ထလောက မဂ္ဂဇင်း အယ်ဒီတာအဖြစ် လုပ်ကိုင်နေသူဖြစ်သည်။ ကိုသန်းထွတ်က အဲဒီတုန်း က စာပင်သိပ်မရေးသေး။ စာဖတ်သမားဖြစ်သည်။ စာအကြောင်း၊ ပေ အကြောင်း အမြဲတမ်းငြင်းကြခုံကြ ပြောကြမြဲဖြစ်သည်။ ကိုထင်ကြီးသည် လည်း အင်္ဂလိပ်ဘာသာဖြင့်ရေးသူဖြစ်သည်။ ထိုခေတ်က ကောလိပ် ကျောင်းသားများ၏ရည်မှန်းချက်မှာ အရာရှိဖြစ်ရန်မှန်းသူက များသည်။ အိုင်စီအက်ဝင်ဖြေပြီး အရာရှိကြီးများ လုပ်ရန် မှန်းကြသည်။ သို့သော် ကျွန်တော်တို့ထဲတွင် စာသမားများဖြစ်၍ အိုင်စီအက် မှန်းသူများ မရှိကြ ပေ။ ကိုတက်တိုးက အိုင်စီအက်များကို သရော်သော ဝတ္ထုစာပြောင်တစ်ပုဒ် ပင် ရေးဖူးသည်။ ထိုအခါ ကျောင်းသားအရွယ် အသက်လည်း ငယ်ကြ သေးသဖြင့် သူတို့၏ဘဝတွင် ဘာဖြစ်ကြမည်ကို မှန်း၍ မရသေး။

ကျွန်တော်တို့မှာ ညနေစောင်းဆိုလျှင် ကမာရွတ်ထိပ်၊ ယခုလှည်း တန်းနေရာတွင် ဘူးသီးကြော်ဆိုင်များသို့သွားကာ လက်ဖက်ရည်ကြမ်း

mgyoe.com

mgyoe.com


ဝိုင်းဖြင့် စကားစမြည်များ ပြောဖြစ်ကြသည်။ ထိုအခါက ယင်းလှည်းတန်းနေရာမှ သစ်ပင်များ၊ ချုံပုတ်များအုပ်၍ မှိုင်းညို့လျက်ရှိသော တောကဲ့သို့ဖြစ်နေရာဖြစ်သည်။ တစ်နေရာတွင် စီးဆင်းနေသော စမ်းချောင်းကလေးတစ်ခုကလည်း ရှိနေသည်။

တက္ကသိုလ်ဆိုသည်ကလည်း ယခုခေတ်ကသို့ လူမများသေး။ ၁၉၄၁ မတ်လ စာမေးပွဲပြီးချိန်တွင် လူချင်းခွဲလိုက်ကြသည်။ သည်ကစ၍ မတွေ့ကြတော့။

အာရှစစ်ဖြစ်လာ၍ ယင်းစစ်အစ ဂျပန်အဝင်ခေတ်၊ စစ်မဖြစ်ခင်ခေတ်နှင့် စစ်ပြီးခေတ်သည် နယ်နိမိတ်မျဉ်းကြောင်းတားထားသကဲ့သို့ ဖြစ်နေသည်။

## (၈)

ဘဝပုံသဏ္ဌာန်ဆိုသည်က ကြီးလာသောအခါ သမိုင်းခေတ်များကို ဖြတ်သန်းပြီးမှ ပုံကားချပ်ပေါ်လာတတ်သည်။ ငယ်စဉ်ကတော့ ကြီးလျှင် ဘာဖြစ်မည်ဆိုသည်ကို မှန်းရအခက်သား။ ကျွန်တော်သည် ဂျပန်ဟစ်ခေတ်လုံး ဘာစာမျှမရေးဖြစ်။ ရေးစရာနေရာကလည်း မရှိ။ ဂျပန်ခေတ်တွင် ကိုထင်ကြီး၊ မန်းတင်တို့နှင့်ကတော့ တွေ့သည်။ ကိုထင်ကြီးကတော့ ဗဟန်းဦးပြားတောရဇရပ်တစ်ဆောင်တွင် ကျောင်းသားများနှင့်စုနေသည်။ ကျွန်တော်က သူတို့ဇရပ်သို့သွားအိပ်တတ်သည်။ ကိုထင်ကြီးကတော့ ယခင်က အတိုင်း ဖတ်သမျှစာအုပ်ထဲမှ ကောက်နုတ်ချက်များကို အင်္ဂလိပ်လက်နှိပ်စက်နှင့် တဖျောက်ဖျောက်ရိုက်ကာ မှတ်သားတတ်သူ၊ ကော်ဖီကြမ်းကြိုက်သူ၊ Sand W ကော်ဖီမှုန့်ကို သူဖျော်တတ်သည်။ သူသည် စစ်ဖြစ်ခါနီးက မြို့အုပ်လုပ်သည်ဟု ကြားလိုက်ရသည်။

မန်းတင်ကတော့ အဲဒီကစ၍ လက်ထောက်မြို့ပိုင် စလုပ်သည်။

mgyoe.com

mgyoe.com



စစ်ပြီးသောအခါ မြို့ပိုင်၊ နယ်ပိုင်ဝန်ထောက်၊ အရေးပိုင်၊ အတွင်းဝန်၊ တိုင်းမင်းကြီး စသည်ဖြင့် အဆင့်ဆင့် စစ်ပြီးခေတ်တွင် အရာရှိကြီးတစ်ယောက်ဖြစ်ခဲ့သည်။ နောက်ဆုံး သံအမတ်ကြီးအဖြစ် အငြိမ်းစားယူသွားသည်။

ကိုသန်းထွတ်နှင့် ဂျပန်ခေတ်က တွေ့သည်။ သူက စစ်ပြီးခါနီးတွင် မအူပင်သို့ မြို့အုပ်အဖြစ် ဆောင်ရွက်ရန်သွားသည်ကို မှတ်မိနေသည်။ ကျွန်တော်က ဂျပန်ခေတ်တွင် စာသမားများနှင့် အထိအတွေ့သိပ်မရှိလှ။ ရွှေတောင်ကြားရှိ မိတ်ဆွေ ဗမာ့လွတ်လပ်ရေး တပ်မတော်မှ ဗိုလ်ချုပ်၊ ဗိုလ်မှူးကြီးများဖြင့် ထိတွေ့နေရသည်။ ကျွန်တော့်ဘဝက ရယ်စရာလည်း ရယ်စရာ၊ ပြီး မရေရာလှ။ ကျွန်တော့်ကို ယင်းရွှေတောင်ကြား အသိုင်းအဝိုင်း နိုင်ငံရေးမိတ်ဆွေများက "စန္ဒရားဆရာ" အဖြစ် ခင်မင်ကြဟန်တူသည်။

စစ်ပြီးသောအခါ ဘဝပုံသဏ္ဌာန်များက ပို၍ ပီသလာသည်။ ကိုထင်ကြီးက စာပေဗိမာန်တွင် အုပ်ချုပ်ရေးမှူးလုပ်ကာ အငြိမ်းစားယူသွားသည်။ ယခုအခါ မြန်မာစာအဖွဲ့ဝင်ဖြစ်နေသည်။ စစ်ပြီးစက သူလည်း အမေရိကန်သို့ သတင်းစာဆရာအဖြစ် ပညာတော်သင်သွားသည်။ သို့သော် သူက သတင်းစာဆရာ မဖြစ်။ သတင်းစာနှင့် သွယ်ဝိုက်နီးစပ်သော စာပေဗိမာန်တွင်ကား အကြီးအကဲဖြစ်နေခဲ့သည်။ ကိုသန်းထွတ်ကတော့ စစ်ပြီးမှ တိုက်စိုးအမည်ဖြင့် စာပေအကဲခတ်ချက်များ ရေးသား၍ တက္ကသိုလ်လက်ထောက်စာကြည့်တိုက်မှူး (သူသည်လည်း အင်္ဂလန်သို့ စာကြည့်တိုက်ဘာသာရပ် ပညာတော်သင်) သွားပြီး အောင်မြင်ခဲ့သူဖြစ်သည်။ ထို့နောက် ယဉ်ကျေးမှုဗိမာန်သို့ရောက်သွားကာ ယဉ်ကျေးမှုဗိမာန် ညွှန်ကြားရေးမှူးချုပ်ဘဝမှ အငြိမ်းစားယူခဲ့သည်။ ယခု မြန်မာစာအဖွဲ့တွင် ဆက်လက်ဆောင်ရွက်နေသည်။ သူက စာကြမ်းပိုးဖြစ်၍

mgyoe.com